ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 19 May 2025 ၁၁၈၂၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပေါင်းတည်မြို့နယ်၌ သက်လျင်မိုးစပါးစိုက်ပျိုးရန် ပျိုးပေါင်များဖြင့် ပျိုးထောင်ထားမှုကို တွေ့ရစဉ်။

# ပေါင်းတည်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် သက်လျင်မိုးစပါးစိုက်ပျိုးရန် ပျိုးပေါင်များ စတင်ပြုလုပ်

ပေါင်းတည် မေ ၁၈

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ကောက်စိုက်စက်များဖြင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူများသည် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ရွေးချယ်၍ ပျိုးပေါင်များ စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မိုးသီးနှံသက်လျင်စပါးကို ဇွန်လအတွင်း ကောက်စိုက်စက်ကြီးများ၊ တစ်နိုင်တစ်ပိုင် လေးတန်းသွား၊ ခြောက်တန်းသွား လက်ဆွဲကောက်စိုက် ကိရိယာများဖြင့် စိုက်ပျိုးမည့် တောင်သူများသည် ယခုရက်ပိုင်းမှစ၍ ပျိုးဗန်း ပျိုးပေါင်များဖြင့် ကြိုတင်ပျိုးထောင်နိုင်ရေး လုပ်ကိုင်လျက်ရှိပြီး သတ်မှတ်ပျိုးသက်တမ်းပြည့်ပါက ကောက်စိုက်စက်ထဲ ထည့်သွင်းကာ အဆင်သင့်စိုက်ပျိုးနိုင်ရန် ကြိုတင်စီမံပြုလုပ်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့❖

## ယနေ့ ဖတ်စရာ

❛ အခုဆိုရင် အနောက်နိုင်ငံတွေမှာ နိုင်ငံရေးအပြောင်းအလဲတွေ ကြီးကြီးမားမားဖြစ်နေပါတယ်။ တစ်နည်း အမေရိကန်ကော ဥရောပမှာပါ လစ်ဘရယ် ဒီမိုကရေစီအကျပ်အတည်းဆိုက်နေတယ်။ ❜

တစ်ဖက်ပိတ်နေတဲ့ ကမ္ဘာ့ဦးနှောက် ဆောင်းပါး စာမျက်နှာ ၆



မြန်မာ့ပေါ်ဆန်းမွှေး ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုအလားအလာ ဆောင်းပါး စာမျက်နှာ ၁၀

ဆိုလာလျှပ်စစ်ထုတ်လုပ်ရေး အောင်မြင်နေသည့် ပါကစ္စတန်နိုင်ငံ နိုင်ငံတကာဆောင်းပါး စာမျက်နှာ ၁၉



ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲကြားမှ မျဉ်း နည်းပညာနှင့် သုတကမ္ဘာ စာမျက်နှာ ၂၃



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၁၈

| | |
|---|---|
| ရှားင် | ၄ ဒသမ ၃၃ လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) | ၃ ဒသမ ၀၇ လက်မ |
| သာစည် (လှိုင်းတက်) | ၂ ဒသမ ၉၁ လက်မ |
| စစ်တွေ | ၁ ဒသမ ၉၃ လက်မ |
| ရွှေဘို | ၁ ဒသမ ၆၅ လက်မ |
| ပင်လောင်း | ၁ ဒသမ ၅၀ လက်မ |
| မြစ်ငယ် | ၁ ဒသမ ၄၆ လက်မ |
| ဥက္ကံ | ၁ ဒသမ ၃၈ လက်မ |
| မြင်းခြံ | ၁ ဒသမ ၂၂ လက်မ |

ကြေးမုံ

# မူးယစ်ဆေးဝါးနှင့် အဖျက်အန္တရာယ်ကို အမျိုးသားရေးတာဝန်ဖြင့်တိုက်ဖျက်

ပေါ်ထွက်နေသော မူးယစ်ဆေးဝါးအမျိုးမျိုးတို့သည် ကမ္ဘာပေါ်ရှိနိုင်ငံများအား ခြိမ်းခြောက်နေသော အန္တရာယ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ်ကို စဉ်ဆက်မပြတ် တိုက်ဖျက်လျက်ရှိသော်လည်း အမြစ်မပြတ်နိုင်ဘဲ ဆက်လက်ကြီးထွားနေသည်ကို နေ့စဉ်ဖော်ထုတ်ဖမ်းဆီးရမိသည့် သတင်းများက သက်သေပြလျက်ရှိသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့များက စစ်ဆင်ရေးအသွင်အမျိုးမျိုးဖြင့် ရှာဖွေဖော်ထုတ်တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။

မူးယစ်ဆေးဝါးများကို နယ်စပ်ဒေသများမှတစ်ဆင့် ပြည်တွင်းကုန်းလမ်းကြောင်းများမှ သယ်ဆောင်ရောင်းဝယ်ဖြန့်ဖြူးလျက်ရှိရာ သယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးလျက်ရှိသည့် သောင်းကျန်းသူအဖွဲ့များနှင့် မူးယစ်ဂိုဏ်းများသည် ကုန်းလမ်းကြောင်းမှသယ်ဆောင်ရာမှ အားသာချက်ရှိသည့် ရေလမ်းကြောင်းများကို ပြောင်းလဲအသုံးချကာ သယ်ဆောင်ဖြန့်ဖြူးမှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ရေလမ်းကြောင်းများမှတစ်ဆင့် မူးယစ်ဆေးဝါးများကို သယ်ဆောင်ကြသည့် AA သောင်းကျန်းသူများနှင့်အပေါင်းပါများကို မကြာသေးမီက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ယခင်ကလည်း အလားတူသယ်ဆောင်ခဲ့မှုများကို ဖော်ထုတ်နိုင်ခဲ့သည်။

အများပြည်သူ အထူးသဖြင့် လူငယ်လူရွယ်များကို အန္တရာယ်ကြီးမားစွာ ပေးလျက်ရှိသော မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများအား မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ တာဝန်သိသတင်းပေးပို့မှုများအရ ၂၀၂၅ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၏ အနောက်တောင်ဘက် ရေမိုင် ၆၀ ခန့်အကွာ ပင်လယ်ပြင်၌ အားမာန်သစ်စက်လှေပေါ်မှ မူးယစ်ဆေးဝါးသယ်ဆောင်သူများနှင့်အတူ ပီနံအိတ် ၃၁ အိတ်ဖြင့် ထည့်သွင်းသယ်ဆောင်လာသည့် မူးယစ်ဆေးဝါး အိုက်စ် ၆၁၈ ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးသယ်ဆောင်သူများ၏ ထွက်ဆိုချက်အရ ဧပြီလ ၂၇ ရက်နေ့တွင် ကော့သောင်းမြို့၏ အနောက်ဘက် ရေမိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်၌ ကုန်တင်သင်္ဘောပေါ်မှ တရားခံများနှင့်အတူ အိုက်စ် ၃၄၇၅ ကီလိုဂရမ်နှင့် ကတ်တမင်း ၂၀၀၀ ကီလိုဂရမ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးသယ်ဆောင်သူတရားခံများ၏ ထွက်ဆိုချက်အရ ဧပြီလ ၂၇ ရက်နေ့တွင် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချသည့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံတစ်ဦးနှင့်အတူ ကွင်းဆက်တရားခံများအား ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မေလ ၁ ရက်နေ့တွင် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချရာတွင် ပါဝင်ခဲ့သည့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးအဖွဲ့ဝင်များကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင်လည်းကောင်း၊ မေလ ၆ ရက်နေ့တွင် ကွင်းဆက်တရားခံများကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ မေလ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၌ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး ဒုတိယတာဝန်ခံတစ်ဦးကို ကတ်တမင်းကီလိုဂရမ် ၁၀၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများတွင် AA သောင်းကျန်းသူအဖွဲ့က ဦးဆောင်လုပ်ကိုင်ခဲ့သည်ကို ယခုဖြစ်စဉ်သာမက ယခင်ကလည်း အထင်အရှားတွေ့ခဲ့ရပြီးဖြစ်သည်။ ဖမ်းဆီးရမိသည့် တရားခံများ၏ ထွက်ဆိုချက်အရ AA သောင်းကျန်းသူအဖွဲ့သည် ၎င်းတို့အဖွဲ့ရပ်တည်နိုင်ရေးနှင့် လက်နက်ခဲယမ်းများ ဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သောငွေကြေးအထောက်အပံ့ကို မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ် ဖြန့်ဖြူးရေးလုပ်ငန်းများဖြင့် အဓိကလုပ်ကိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ AA သောင်းကျန်းသူများသည် အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များအပါအဝင် လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွှန့်တုံးကာ အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ကျယ်ပြန့်စွာလုပ်ကိုင်ပြီး လူမျိုးရေးကိုအကြောင်းပြ၍ ရခိုင်ပြည်နယ်ပျက်စီးရေးသာမက နိုင်ငံတည်ငြိမ်အေးချမ်းရေးကိုပါ ဖျက်ဆီးနေသည့်အဖျက်သမားများဖြစ်သည်။

သို့ဖြစ်ရာ AA သောင်းကျန်းသူများသည် မြို့ရွာများနှင့်တိုင်းရင်းသားပြည်သူများကို နှောင့်ယှက်တိုက်ခိုက် ဖျက်ဆီးနိုင်ရန်နှင့် ၎င်းတို့အဖွဲ့ ရေရှည်ရပ်တည်နိုင်ရေး၊ လက်နက်ခဲယမ်းများ ဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သောငွေကြေးများရရှိအောင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ဖောက်ကား ဖြန့်ဖြူးမှုများပြုလုပ်လျက်ရှိရာ ယင်းတို့ကို အချိန်မီဖော်ထုတ်ဖမ်းဆီးနိုင်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသော တာဝန်သိကူညီခဲ့ကြသည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့များအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။ ။

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်



" ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး"
"Ending Plastic Pollution Globally"

## လျှော့ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၈ ရက်အထိ သေဆုံးသူ ၃၇၂၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

အလားတူ မေ ၁၅ ရက်တွင်လည်း သီရိလင်္ကာနိုင်ငံမှ လှူဒါန်းသည့်ရွက်ဖျင်တဲ၊ ဆေးဝါးနှင့်စားသောက်ကုန်အမျိုးမျိုးပါ ပေ ၂၀ ကုန်သေတ္တာ ၁၀ လုံး (အလေးချိန် ၄၇ ဒသမ ၉ တန်) နှင့် တရုတ်နိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရနှင့် ပြည်သူများက လှူဒါန်းသည့် ပစ္စည်းအမျိုးမျိုးပါ ပေ ၄၀ ကုန်သေတ္တာ ငါးလုံး (အလေးချိန် ၂၈ ဒသမ ၈၄၁ တန်) သည် ရန်ကုန်မြို့ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး အဆိုပါနိုင်ငံတကာမှ ပေးပို့လာသည့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ် အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လှည်းကူးမြို့နယ် ရသေ့တောင်စေတီတော်၌ ဗုဒ္ဓပူဇနီယဘုရားပွဲ ကျင်းပ

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သရက်ချောင်းကျေးရွာအနီးရှိ ဆုတောင်းပြည့် မဟာဇေယျမ္မသိဒ္ဓိစေတီတော် (ခေါ်) ရန်အောင် မာန်အောင်စေတီတော်၏ (၂၈) ကြိမ်မြောက်ဗုဒ္ဓပူဇနီယ ဘုရားပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ကြွရောက်လာသော ကြာအင်းကျေးရွာအုပ်စု သံဃာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ ရသေ့တောင် ဆရာတော်၊ ပျဉ်းမတောကျောင်း ဆရာတော်အစရှိသည့် ပင့်သံဃာတော်ကိုးပါးတို့က "ဇယန္တော ဗောဓိယာ မူလေ" အစချီသော ဂါထာတော်ဖြင့် စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူပြီး အမွေးနံ့သာတို့ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ရသေ့တောင် ကျောင်းထိုင်ဆရာတော်ထံမှ ကြွရောက်လာကြသော ဘုရားဒါယကာ စာရေးဆရာ သတင်းစာဆရာဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) မိသားစုနှင့် ဓမ္မမိတ်ဆွေများ၊ ဘုရားဖူးလာ ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေ သာဓုခေါ်ဆိုကြကြောင်း သိရသည်။

မြင့်ဦး

### ၁၈ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ကြီးဌာနအောက်ရှိ ဌာနပိုင်မြေနေရာများ၌ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများနေထိုင်မည့် Modular House များ တည်ဆောက်နေမှုကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၈

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက စီစဉ်ခွဲဝေပေးထားသည့် Modular House များအား ဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနပိုင်မြေနေရာများ၌ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန်အတွက် တည်ဆောက်နေမှုလုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးနယ်မြေ မြောက်ဘက် စက်မှုနှင့်လျှပ်စစ်ဝန်ထမ်းအိမ်ရာများအနီး၌ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန်အတွက် တည်ဆောက်ပေးနေသည့် Modular House စခန်းအမှတ်(၁)သို့ ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက မြေနေရာအကျယ်အဝန်း၊ တည်ဆောက်နေရာချထားမှု အကွက်ချပုံစံ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေပေးထားသည့် Modular House အရေအတွက်၊ ယနေ့အထိ လွှဲပြောင်းထုတ်ယူ ရရှိပြီးသည့် ပမာဏ၊ Modular House များ တည်ဆောက်နိုင်ရေး အင်ဂျင်နီယာအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုအခြေအနေ၊ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်နေဆဲအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်လျက်ရှိသည့် Modular House များနှင့် အဝီစိတွင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများနေရာချထားမှု စနစ်တကျဖြစ်စေရေး၊ ရေ၊ မီး၊ မိလ္လာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ လူနှင့် ယာဉ်များ ဝင်လမ်း၊ ထွက်လမ်းအဆင်ပြေစေရေး၊ တည်ဆောက်ရေးဝန်ထမ်းအဖွဲ့များ ဘေးအန္တရာယ်ထိခိုက်မှုမဖြစ်စေရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်ဘူတာကြီးနယ်မြေ တောင်ဘက်မြေနေရာ၌ သတ်မှတ်ထားသည့် Modular House စခန်းအမှတ်(၂)သို့ရောက်ရှိလာရာ မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးက အဆိုပါနေရာတွင် မြန်မာ့မီးရထားမှ ဝန်ထမ်းမိသားစုများသာမက ဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် အခြားဌာန ဝန်ထမ်းမိသားစုများကိုပါ နေရာချထားပေးနိုင်ရန် စီစဉ်အကွက်ချထားမှုအခြေအနေ၊ မီး၊ ရေ ရရှိရေးဆောင်ရွက်ထားမှုအခြေအနေနှင့် လွှဲပြောင်းထုတ်ယူရရှိသည့် Modular House များအားတပ်ဆင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး ဤစခန်းနေရာ၌ မြေအနေအထားအရ ရေစီးရေလာကောင်းမွန်စေရေး ကြိုတင်ဆောင်ရွက်ရန်ကိစ္စ၊ ဝင်လမ်း၊ ထွက်လမ်းများ ကောင်းမွန်ရေးကိစ္စ၊ ခြံစည်းရိုးကာရံရေး စသည့်လိုအပ်ချက်များကိုမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရွာတော်)ရုံးနယ်မြေအတွင်းရှိ Modular House စခန်းနေရာသို့ ရောက်ရှိရာ ဌာနတည်ဆောက်ရေးတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက Modular House များ တပ်ဆင်တည်ဆောက်နေမှု၊ အသုံးပြုမည့်ကျောက်ရေစည်များ စီစဉ်ထားမှု၊ သန့်စင်ခန်းများ နေရာချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီးရရှိရေးနှင့် ဝန်ထမ်းမိသားစုများ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

လက်ရှိတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက နေပြည်တော်ကောင်စီနယ်မြေအတွက် စီစဉ်ခွဲဝေပေးသည့် Modular Office ခြောက်လုံးနှင့် Modular House ၁၅၆ လုံးတို့ကို လက်ခံရရှိထားပြီးဖြစ်ရာ Modular Office လေးလုံးနှင့် Modular House ၃၄ လုံးတို့ကို တပ်ဆင်တည်ဆောက် ပြီးစီး၍ ကျန်ရှိသည် များကိုလည်း အမြန်ဆုံးပြီးစီးအောင် တပ်ဆင်တည်ဆောက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ရှေ့ဖုံးမှ

ယင်းသို့ ပျိုးပေါင်များဖြင့်ပျိုးထောင်ကြရာတွင် အထွက်ကောင်း မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့(RS)များကိုသာအသုံးပြုကြကြောင်း၊ တစ်ဧကစိုက်ခင်းအတွက် စပါးအမျိုးအစားအလိုက် မျိုးစေ့ ခုနစ်ပြည်၊ ရှစ်ပြည်ခန့် အသုံးပြုကာ မျိုးညှောင့်ဖောက်ပေးရကြောင်း၊ ညီညာသောအောက်ခြေမျက်နှာပြင်ပေါ်တွင် ပျိုးပေါင်များပြုလုပ်ပျိုးထောင်ရကြောင်း၊ စတင်ပျိုးထောင်စဉ် မျိုးစေ့များလေလွင့်ဆုံးရှုံးမှုမရှိစေရေးသဘာဝမြေသြဇာမှုန့်၊ မြေဆွေး၊ နွားချေးမှုန့်၊ ဖွဲပြာ၊ လွှစာမှုန့်၊ တမန်းမြေများဖြင့် ခပ်ပါးပါးဖုံးအုပ်ပေးထားရပြီး နေ့စဉ်ရေမှန်မှန်လောင်းပေးရကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

**တောင်သူများစိတ်ပါဝင်စားလာ**

ထိုသို့ပေါင်စနစ်ပျိုးထောင်၍ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးပါက အချိန်တိုအတွင်း ပြီးစီးနိုင်ခြင်း၊ လုပ်အားခအပါအဝင် အထွေထွေကုန်ကျစရိတ်များ သက်သာစေခြင်းအပြင် စိုက်ခင်းမြေဆီမြေနှစ် ယုတ်လျော့မှုနည်းပါးခြင်းကြောင့် မြေဆီသြဇာလုံလောက်စွာရရှိကာ အရည်အသွေးမြင့် စပါးများသီး၍ အထွက်နှုန်းလည်းကောင်းမွန်သဖြင့် တောင်သူများ စိတ်ပါဝင်စားလာကြကြောင်း သိရသည်။

**ရွှေသား(IPRD)**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# မန္တလေးလျှင်ကြီးဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ခန့်စည်သူက စားသောက်ဖွယ်ရာများ လှူဒါန်း




နေပြည်တော် မေ ၁၈

မန္တလေးလျှင်ကြီး ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အဘိဓမ္မရေ အကယ်ဒမီ ခန့်စည်သူက စားသောက်ဖွယ်ရာများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် အလှူရှင် အကယ်ဒမီခန့်စည်သူနှင့်အဖွဲ့တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အကယ်ဒမီ ခန့်စည်သူက ငွေကျပ် သိန်းနှစ်ရာတန်ဖိုးရှိ ဆန် ၂၄ ပြည်အိတ် ၅၀၊ ဆီ ၁၀ ပိဿာပုံး ၃၀၊ ရေသန့် ၂၀ လီတာဘူး ၁၀၀၊ ကုလားပဲ ပိဿာ ၆၀၊ ဆားအထုပ် ၂၀၀၊ ခေါက်ဆွဲခြောက်အထုပ် ၁၈၀ ပါ ၄၈ ဖာ၊ ငါးခြောက် ၂၅ ပိဿာတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် ဓာတ်အားခွဲရုံများမှ ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးထားမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၄)၊ ဓာတ်အားခွဲရုံ အမှတ်(၇)၊ လယ်ဝေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝင်း အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများမှ ပုံမှန်ဓာတ်အားဖြန့်ဖြူး ပေးထားမှု အခြေအနေများနှင့် နေပြည်တော် အင်ဂျင်နီယာချုပ်ရုံး၏ ပစ္စည်းစီမံရေးဌာနစတိုအဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၄)နှင့် ဓာတ်အားခွဲရုံ အမှတ်(၇)တို့သို့ ရောက်ရှိစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဓာတ်အား ပြတ်တောက်မှု လျော့နည်းစေရေး အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန်၊ ဓာတ်အားဖြန့်ဖြူးမှုပြ Single Line Diagram နှင့် Location Map များကို တိုးချဲ့တည်ဆောက်ထားသော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပါဝင်ရေး Update ပြုလုပ်သွားရန် မှာကြားကာ ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းမိသားစုများ စနစ်တကျ နေရာချထားပေးမှုအခြေအနေများနှင့် သီးပင်စားပင် စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံးဝင်း အတွင်းရှိ ၃၃/၁၁ ကေဗွီ မြို့တွင်း ဓာတ်အားခွဲရုံသို့ ရောက်ရှိစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံအနီးတစ်ဝိုက် လုံခြုံရေးနှင့် သန့်ရှင်းရေး အမြဲမပြတ်လိုက်လံစစ်ဆေး ဆောင်ရွက်သွားရန်၊ ဓာတ်အားဖြန့်ဖြူးမှု ဧရိယာ ကျယ်ပြန့်လာသည်နှင့် အမျှ ဓာတ်အား ပြတ်တောက်မှု လျော့နည်းရေးနှင့် ဓာတ်အား ပျောက်ဆုံးမှု ကျဆင်းရေးတို့ကို အထူး အလေးအနက်ထား ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများကို တာဝန်ခွဲဝေပေးမှုများ စနစ်တကျ သတ်သတ်မှတ်မှတ် တာဝန်ပေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော် အင်ဂျင်နီယာချုပ်ရုံး၏ ပစ္စည်းစီမံရေးဌာန စတိုအဆောက်အအုံသို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီးက ပစ္စည်းများ လက်ခံ/ ထုတ်ပေး ဆောင်ရွက်ရာတွင် First In First Out စနစ်ဖြင့် ထုတ်ပေးဆောင်ရွက်သွားရန်၊ ရရှိ/ထုတ်ပေး/သုံးစွဲ/ လက်ကျန်စာရင်းများ စနစ်တကျ စာရင်းပြုစုသွားကြရန်၊ ဓာတ်အား လိုင်းများ အဟောင်းအသစ် လဲလှယ်ရာမှ ထွက်ရှိလာသော ဆယ်တင်ပစ္စည်းအား သုံးစွဲ၍ ရသည့် ပစ္စည်းများစာရင်း သေချာစွာပြုစု၍ လိုအပ်သည့်နေရာများတွင် ထုတ်ယူသွားစေရန်နှင့် ကျန်သုံးစွဲ၍မရသော ဆယ်တင်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားစေရေး မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်၌ လျှင်ဘေးဒဏ်သင့် ပြည်သူများအား ဘီလပ်မြေ၊ စားရိက္ခာအစုံနှင့် အလှူငွေများထောက်ပံ့

ကျောက်ဆည် မေ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ လျှင်ဘေးသင့်ပြည်သူများအား ယမန်နေ့ မွန်းလွဲပိုင်းက ကမ္ဘောဇဖောင်ဒေးရှင်းနှင့် ရှမ်းတောင် ပရဟိတညီနောင်များကွန်ရက်မှ ငွေကျပ်သိန်း ၄၇၂၀ ကျော်တန်ဖိုးရှိ ဘီလပ်မြေ၊ စားရိက္ခာအစုံနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ကမ္ဘောဇဘဏ်မှ အထက်မြန်မာပြည် တာဝန်ခံ ဦးတင်ထွန်းက အမှာစကားပြောကြားပြီး ဘာသာရေးအဆောက်အအုံ ၃၆ လုံးအတွက် ငွေကျပ်သိန်း ၁၆၁၀ တန်ဖိုးရှိ ဘီလပ်မြေအိတ် ၇၀၀၀၊ လူနေအိမ်များလုံးဝပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စု ၁၃၈ စုအတွက် ငွေကျပ် ၇၄ ဒသမ ၅၂ သိန်းတန်ဖိုးရှိ စားရိက္ခာအစုံ၊ ငွေကျပ် ၁၃၈ သိန်းတန်ဖိုးရှိ ဆန်အိတ် ၁၃၈ အိတ်၊ ငွေကျပ် ၁၃၈ သိန်းတန်ဖိုးရှိ ဆီပုံး ၁၃၈ ပုံး၊ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သိန်း ၂၀ နှင့် ထောက်ပံ့ငွေကျပ်သိန်း ၂၇၆၀ စုစုပေါင်း ငွေကျပ် ၄၇၂၀ ဒသမ ၅၂ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဓာတ်အားခွဲရုံများ ကွင်းဆင်းစစ်ဆေး



ရန်ကုန် မေ ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မေ ၁၇ ရက်တွင် ရွှေပြည်သာမြို့နယ် အတွင်းရှိ ဓာတ်အားခွဲရုံများ၊ လှည်းကူးမြို့နယ်(၁/၀)မိုင်ရှိ ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံအသစ်နှင့် ထောက်ကြန့်မြို့ရှိ ၂၃၀ ကေဗွီ လှော်ကား ပင်မဓာတ်အားခွဲရုံတို့သို့ သွားရောက်၍ ဓာတ်အား ဖြန့်ဖြူးထားမှုအခြေအနေများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရွှေပြည်သာမြို့နယ်အတွင်း အသစ်တည်ဆောက်လျက်ရှိသည့် (၆၆/၁၁)ကေဗွီ (၃၀) အမ်ဗွီအေ စက်မှုဇုန်(၁) ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး သတ်မှတ်ကာလ အတွင်း ဓာတ်အားအမြန်ပို့လွှတ်နိုင်ရေး၊ ၆ ဒသမ ၆ ကေဗွီစနစ်မှ ၁၁ ကေဗွီစနစ်သို့ ပြောင်းလဲ ဓာတ်အားပေးရာတွင် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ အသင့်ဖြစ်နေစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရေး၊ စက်မှုဇုန်နှင့် အများပြည်သူအသုံး ခွဲခြားပြီး ဖီဒါအလိုက် ဓာတ်အားပျောက်ဆုံးမှုများ တွက်ချက်နိုင်ရန် မီတာများ အမြန်တပ်ဆင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး မြို့နယ်အတွင်း မီတာလက်ခံယူနစ်များဖတ်ရှုရာတွင် မှန်ကန်မှုရှိစေရေး ဓာတ်အားပျောက်ဆုံးမှု ကျဆင်းရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ (၂၀ +၂၀)အမ်ဗွီအေ သာခုကန်စက်မှုဇုန် ဓာတ်အားခွဲရုံနှင့် (၂၀)အမ်ဗွီအေ (ထ-၁၆) ဓာတ်အားခွဲရုံတို့ရှိ ၁၁ ကေဗွီ ဖီဒါများမှ ဓာတ်အားပေးထားမှု အခြေအနေများနှင့် ဓာတ်အားခွဲရုံ အဆောက်အအုံကြံ့ခိုင်ရေး၊ ၂၃၀ ကေဗွီ ဝါးတစ်ရာ ပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီစနစ်ဖြင့် ဓာတ်အား ဖြန့်ဖြူးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၁/၀) မိုင်တွင် EV Charging Station များ ဓာတ်အားပေးရန် တည်ဆောက်လျက်ရှိသော ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံအသစ် တည်ဆောက်ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထောက်ကြန့်မြို့ရှိ ၂၃၀ ကေဗွီ လှော်ကားပင်မ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး လက်ရှိ ၂၃၀/၆၆ ကေဗွီ (၁၂၅) အမ်ဗွီအေထရန်စဖော်မာမှ (၆၆) ကေဗွီ ဖီဒါသုံးခုဖြင့် ဓာတ်အားပေးထားမှုနှင့် အသစ်တည်ဆောက်လျက်ရှိသည့် (၂၃၀/၆၆) ကေဗွီ (၁၅၀)အမ်ဗွီအေ ထရန်စဖော်မာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



နေပြည်တော် မေ ၁၈

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပုသိမ်တပ်နယ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတို့က ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့နယ်အတွင်း နွေစပါးစိုက်ခင်းများနှင့် မိုးသီးနှံစိုက်ပျိုးထားရှိမှုများ ကွင်းဆင်းကြည့်ရှု



တပ်ကုန်း မေ ၁၈

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ MSME အသင်းမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကျေးရွာချင်းဆက်လမ်း၊ နွေစပါးစိုက်ခင်းများနှင့် မိုးသီးနှံစိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် မန္တလေးမြေလျှင်ဘေးကြောင့်ပျက်စီးခဲ့သည့်မြောက်မြိုက်(ရ)ကျေးရွာအနီး မြောက်မြိုက်ချောင်းကူး ရေကျော်တံတား ကျိုးပေါက်မှုကို သဲအိတ်များဖြင့် ယာယီ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် မြောက်မြိုက်(န)ကျေးရွာနှင့် သရက်ကွင်း(ရ)ကျေးရွာ ဘုန်းတော်ကြီး ကျောင်းများသို့ ရောက်ရှိ၍ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းမျိုးစုံ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သီးနှံစိုက်ခင်းများအတွင်း နွားချေး သဘာဝမြေဩဇာများ အသုံးပြုရေး၊ တစ်နှစ်လျှင် သုံးသီးထက် လေးသီးဖြစ်အောင် စိုက်ပျိုးနိုင်ရေး၊ ရေချိုးဆိပ်နှင့် သီးနှံများဝေဆာနေသည့် ကျေးလက်ဒေသ ခရီးသွားဖော်ဆောင်နိုင်ရေး၊ ထွက်ရှိသော သီးနှံကုန်ကြမ်းများကို ကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ်ရောင်းချနိုင်ရေး၊ အထက်တန်းအဆင့်ကျောင်းသား ကျောင်းသူများ မြို့နယ်အတွင်းရှိ စက်မှုစိုက်ပျိုး မွေးမြူရေးကျောင်းသို့ တက်ရောက် ပညာသင်ကြားနိုင်ရေး၊ ကျေးရွာစိမ်းလန်းစိုပြည်ရေး၊ သစ်ပင်များ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ ပေါ်ဆန်မွှေးစပါးမျိုးများ စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် မြို့နယ်မီးသတ်ဦးစီးဌာနသို့ ရောက်ရှိ၍ သဘာဝဘေးအန္တရာယ်များ ပြန်လည်တုံ့ပြန်နိုင်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ အစုအဖွဲ့များ ကြိုတင်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ အစုအဖွဲ့များ ဇာတ်တိုက်လေ့ကျင့်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မိုးလေဝသသတင်းများ ကြိုတင်လေ့လာသိရှိနိုင်ရေး ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြိုတင်ကာကွယ်ရေးပစ္စည်းများ ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဆင်းပဒေသာ (၁၁) မြေပဲစိုက်ခင်းများနှင့် နွေစပါးစိုက်ခင်းများ ကြည့်ရှုပြီး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနနှင့် တောင်သူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**



# ဇမ္ဗူသီရိမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ယမန်နေ့က အလျှင်လိုကျေးရွာတွင် ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းပြည့်သိမ်း ဦးစီး၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လူနေအိမ်များနှင့် စာသင်ကျောင်းဝင်းအတွင်းရှိ သောက်သုံးရေကန်များ၊ ခြင်များခိုအောင်းနေထိုင်ပေါက်ပွားမှုမရှိစေရေး ရေအိုး၊ သောက်သုံးရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

# တန့်ယန်းမြို့နယ်တွင် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအား အသိပညာပေး ဆွေးနွေးဟောပြော

တန့်ယန်း မေ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်မြေစာရင်းဦးစီးဌာန မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကြီးမှူး၍ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအား ပြည်သူများသိရှိနိုင်ရန် အသိပညာပေး ဆွေးနွေးဟောပြောပွဲအခမ်းအနားကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးဟောပြောပွဲ၌ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးတန်ကီးက လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ တောင်သူလယ်သမားများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)





# သာပေါင်းမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်

သာပေါင်း မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် မီးဘေးလုံခြုံရေးအတွက် ယနေ့နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက် ချမ်းမြေ့သာယာလမ်းရှိ ဘုရင်မမုန့်တိုက်သို့ မြို့နယ်မီးဘေးလုံခြုံရေးအတွက် ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်သူလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်မျိုးဇော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြထွေးတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဘုရင်မမုန့်တိုက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လုံခြုံရေး၊ မီးသတိမူရေး၊လျှပ်စစ်မီးသုံးစွဲမှုများ၊ လောင်စာများ သိုလှောင်ထားရှိမှု၊ မီးဘေးလုံခြုံရေးပစ္စည်းကိရိယာများ စုဆောင်းထားရှိမှုတို့ကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တစ်ဖက်ပိတ်နေတဲ့ ကမ္ဘာ့ဦးနှောက်

**နိုင်ငံတကာရေးရာ သုတေသီတစ်ဦး**

အခုဆိုရင် အနောက်နိုင်ငံတွေမှာ နိုင်ငံရေးအပြောင်းအလဲတွေ ကြီးကြီးမားမားဖြစ်နေပါတယ်။ တစ်နည်း အမေရိကန်ကော ဥရောပမှာပါ လစ်ဘရယ်ဒီမိုကရေစီအကျပ်အတည်းဆိုက်နေတယ်။ မေးခွန်းများစွာရင်ဆိုင်နေရပါတယ်။ အမေရိကန်မှာ အမျိုးသားရေးဝါဒီ ဒေါ်နယ်ထရမ့် သမ္မတဖြစ်လာသလို ဥရောပမှာလည်း လက်ယာစွန်းနိုင်ငံရေးပါတီက တစ်နှစ်ထက်တစ်နှစ် အားကောင်းလာနေပါတယ်။

**❛ အနောက်နိုင်ငံတွေမှာ လစ်ဘရယ်ဒီမိုကရေစီ အရှိုက်ထိုးခံနေရသလို ဖြစ်လာတာကြောင့် ဘာကြောင့်လဲဆိုတာ အတော်ကြီးကို အဖြေရှာနေကြပါတယ်။ အမှန်က ဥရောပမှာ အဲဒီအဖြေကိုရှာနေတာ နှစ်ပေါင်းအတော်ကြာပါပြီ။ အမေရိကန်မှာလည်း ပြီးခဲ့တဲ့ ၂၀၂၄ ရွေးကောက်ပွဲမှာ လစ်ဘရယ်ဒီမိုကရက်တွေ ထရမ့်ကို မဲရှုံးတော့လည်းအဖြေကို ရှာကြပါတယ်။ အခုဆို အမေရိကန်လစ်ဘရယ်အသိုက်အဝန်းမှာ ခေါင်းဆောင်မှု ပျောက်ဆုံးသလိုဖြစ်နေပြီး ဥရောပလည်း လမ်းဆုံလမ်းခွကို ရောက်နေပါတယ်။ အခုလို ဘာကြောင့်လစ်ဘရယ်နိုင်ငံရေး အကျဘက်ကို ရောက်လာရသလဲဆိုတာ အဖြေရှာရင်း အဖြေမတွေ့နိုင်ဘဲ ဖြစ်နေကြပါတယ်။ အကြောင်းကတော့ ကမ္ဘာ့ဦးနှောက်တွေဟာ တစ်ဖက်တည်းမှာ ပိတ်နေလို့ဖြစ်ပါတယ် ❜**

အခု ဖေဖော်ဝါရီလနောက်ဆုံးပတ်မှာလုပ်ခဲ့တဲ့ ဂျာမနီအဓိပတိရွေးကောက်ပွဲမှာလည်း ဂျာမန်လက်ယာစွန်းပါတီဟာ ဒုတိယနေရာ လိုက်ခဲ့ပါတယ်။ ပြင်သစ်မှာလည်း လာမယ့် ၂၀၂၇ မှာ ပြုလုပ်မယ့် သမ္မတရွေးကောက်ပွဲမှာ လက်ယာစွန်းပါတီ အနိုင်ရမယ်လို့ ခန့်မှန်းမှုတွေ ကျယ်ကျယ်ပြန့်ပြန့်ရှိနေပါတယ်။ လက်ရှိ အီတလီဝန်ကြီးချုပ် Giorgia Meloni ဆိုလည်း လက်ယာနိုင်ငံရေးသမားဖြစ်ပြီး အမေရိကန်သမ္မတနဲ့ အထူးရင်းနှီးတဲ့ဆက်ဆံရေးရှိသူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာ ရိုမေးနီးယားနိုင်ငံ (Romania) မှာ ပြုလုပ်တဲ့ သမ္မတရွေးကောက်ပွဲမှာ လက်ယာစွန်းပါတီက အနိုင်ရသွားပေမယ့် ဖွဲ့စည်းပုံတရားရုံးက ပြည်ပစွက်ဖက်မှုရှိတယ်ဆိုပြီး ရွေးကောက်ပွဲရလဒ်ကို ပယ်ချခဲ့ပါတယ်။

ဘူလ်ဂေးရီးယားနိုင်ငံ (Bulgaria) မှာလည်း လက်ယာစွန်းပါတီ ထောက်ခံသူ အမျိုးသားရေးဝါဒီတွေက မြို့တော်မှာရှိတဲ့ ဥရောပသမဂ္ဂ (အီးယူ) ရုံးကို ဝင်ရောက်စီးနင်းဖို့ ကြိုးစားခဲ့ကြပါတယ်။ ရိုမေးနီးယားကော၊ ဘူလ်ဂေးရီးယားကော နေတိုးနဲ့ အီးယူအဖွဲ့ဝင်နိုင်ငံတွေ ဖြစ်ကြပါတယ်။ အခုတော့ အဲဒီနိုင်ငံတွေမှာ ရုရှားလိုလားတဲ့ နိုင်ငံရေးသမားတွေ တစ်နည်းဥရောပဆန့်ကျင်ရေးသမားတွေ စုရုံးကြီးထွားလာနေပါတယ်။

**ဥရောပတစ်လွှား ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့ရ**

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလလယ်မှာ ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာပြုလုပ်ခဲ့တဲ့ မြူးနစ်လုံခြုံရေးကွန်ဖရင့် (The Munich Security Conference) မှာ အမေရိကန်ဒုတိယသမ္မတ ဂျေဒီ ဗန့်စ်(JD Vance) က ဥရောပကို ခြိမ်းခြောက်နေတာ ရုရှားမဟုတ်ဘူး၊ တရုတ်မဟုတ်ဘူး၊ ဥရောပကိုယ်တိုင်ပဲ တစ်နည်း အတွင်းက ခြိမ်းခြောက်နေတာဖြစ်တယ်၊ ဥရောပဟာ နာဇီဝါဒ မပြန့်ပွားစေဖို့အကြောင်းပြချက်နဲ့ အခြေခံလူ့အခွင့်အရေးတွေ ပိတ်ပင်နေတယ်၊ လက်ယာစွန်းနိုင်ငံရေး အတိုက်အခံတွေကိုဖိနှိပ်နေတယ်၊ ဥရောပကို ပျက်စီးစေမှာ အတွင်းကသာဖြစ်တယ်ဆိုပြီး ပြောလို့ ဥရောပတစ်လွှား ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့ရပါတယ်။

အခုဆို အမေရိကန်မှာ ဥပဒေရေးရာဝန်ဆောင်မှု အဖွဲ့အစည်းတွေ၊ သုတေသနစင်တာတွေ၊ တက္ကသိုလ်ကြီးတွေကအစ တင်းကျပ်ကန့်သတ်မှုတွေ ရင်ဆိုင်လာနေရတယ်။ ထရမ့်ဘက်က ရှင်းတယ်။ ငါတို့ (ဖက်ဒရယ်အစိုးရ) လိုချင်တာလုပ်မလား၊ မလုပ်ရင် မင်းတို့ကို ပေးနေတဲ့ အစိုးရရန်ပုံငွေတွေ၊ အခွင့်အရေးတွေ ပိတ်ပင်ရုပ်သိမ်းမယ်လို့ ခြိမ်းခြောက်တယ်။ အခုဆို ဗြိတိန်၊ အီတလီစတဲ့နိုင်ငံတွေကလည်း အမေရိကန်ပုံစံ သံယောင်လိုက်လာကြတယ်။ အနောက်နိုင်ငံတွေမှာ လစ်ဘရယ်ဒီမိုကရေစီ အရှိုက်ထိုးခံနေရသလို ဖြစ်လာတာကြောင့် ဘာကြောင့်လဲဆိုတာ အတော်ကြီးကို အဖြေရှာနေကြပါတယ်။

အမှန်က ဥရောပမှာ အဲဒီအဖြေကို ရှာနေတာ နှစ်ပေါင်း အတော်ကြာပါပြီ။ အမေရိကန်မှာလည်း ပြီးခဲ့တဲ့ ၂၀၂၄ ရွေးကောက်ပွဲမှာ လစ်ဘရယ်ဒီမိုကရက်တွေ ထရမ့်ကို မဲရှုံးတော့လည်း အဖြေကို ရှာကြပါတယ်။ အခုဆို အမေရိကန်လစ်ဘရယ်အသိုက်အဝန်းမှာ ခေါင်းဆောင်မှု ပျောက်ဆုံးသလို ဖြစ်နေပြီး ဥရောပလည်း လမ်းဆုံလမ်းခွကို ရောက်နေပါတယ်။ အခုလို ဘာကြောင့်လစ်ဘရယ်နိုင်ငံရေး အကျဘက်ကို ရောက်လာရသလဲဆိုတာ အဖြေရှာရင်း အဖြေမတွေ့နိုင်ဘဲ ဖြစ်နေကြပါတယ်။ အကြောင်းကတော့ ကမ္ဘာ့ဦးနှောက်တွေဟာ တစ်ဖက်တည်းမှာ ပိတ်နေလို့ဖြစ်ပါတယ်။

သက်ဆိုင်ရာအစိုးရတွေက နိုင်ငံတွေကို ချုပ်ကိုင်ထားတာဆိုပေမယ့် သက်ဆိုင်ရာအစိုးရတွေကို လွှမ်းမိုးတာက ဒီကနေ့ ကမ္ဘာ့စနစ်ကြီးဆိုတာပါပဲ။ လစ်ဘရယ် အာဂျန်ဒါ၊ လစ်ဘရယ် အစီအစဉ်လို့လည်း အလွတ်သဘော နားလည်ကြပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးက လစ်ဘရယ်ဒီမိုကရေစီ အခင်းအကျင်းထဲမှာပဲ ရှိနေရမယ်ပေါ့။ ဒီမိုကရေစီကို လက်ခံရမယ်။ လူ့အခွင့်အရေးတွေကို လက်ခံရမယ်။ နိုင်ငံတကာ ဥပဒေတွေကို လိုက်နာရမယ်။ တရုတ်ဒီမိုကရေစီတို့၊ ရုရှား ဒီမိုကရေစီတို့ ခွဲခြားပြောမနေနဲ့။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့၊ နိုင်ငံတကာဥပဒေမူဘောင်တို့ဆိုတာ အနောက်နိုင်ငံတွေရဲ့ ထုတ်ကုန်မဟုတ်ဘူး။ တစ်ကမ္ဘာလုံးနဲ့ဆိုင်တယ်။ လူတွေအားလုံးနဲ့ဆိုင်တယ်။ အတိုးအလျှော့မရှိ၊ တစ်ပြေးညီပေါ့။

ကုလသမဂ္ဂတို့၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်ပေါ့။ နောက်ကနေ အပြည်ပြည်ဆိုင်ရာ တရားရုံးတို့၊ နိုင်ငံတကာရာဇဝတ်မှုခုံရုံးဆိုတာတွေနဲ့ ထောက်ထားလိုက်သေးတယ်။ တစ်နည်း မီဒီယာတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ကမ္ဘာကြီးကို စောင့်ထိန်းသူတွေပဲ။ အနောက်ကမ္ဘာ လစ်ဘရယ် လူ့အဖွဲ့အစည်းမှာ အစိုးရတွေရဲ့ ခိုင်မာအားကောင်းမှုကို အားမပေးဘူး။ လူတစ်ဦးချင်း လွတ်လပ်ခွင့်ကိုပဲ အားပေးတယ်။ အစိုးရကို ထိန်းကျောင်းမယ့် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ ရှင်သန်ကြီးထွားဖို့ ဂရုပြုတယ်။ နို့၊ ဒါဆိုရင် အဲဒီလစ်ဘရယ်အစီအစဉ်ဆိုတာကြီးက ဘယ်သူတွေက ချမှတ်တာလဲဆိုရင် သူက ချက်ချင်းလက်ငင်းကြီးဖြစ်တည်လာတာမျိုးတော့ မဟုတ်ဘူး။ တဖြည်းဖြည်း စုဖွဲ့မိလာတာပေါ့။

အစိုးရတွေ (နိုင်ငံရေးသမားတွေ) ပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေပါတယ်။ လူ့အခွင့်အရေး အဖွဲ့အစည်းတွေပါတယ်။ အင်န်ဂျီအိုတွေ၊ စီအက်စ်အိုတွေပါတယ်။ တက်ကြွလှုပ်ရှားသူတွေပါတယ်။ တက္ကသိုလ်ကြီးတွေ၊ ဉာဏ်ကြီးရှင် သုတေသနစင်တာတွေပါတယ်။ ကမ္ဘာ့ပညာတတ်အသိုင်းအဝိုင်း တစ်နည်း ကမ္ဘာ့ဦးနှောက်တွေပေါ့။ အားလုံးက ချိတ်ဆက်နေပြီး လစ်ဘရယ်အဝန်းအဝိုင်းထဲမှာပဲ ရှိတယ်။ သွားဖောက်ထွက်လို့မရဘူး။ ပညာရေးမှာ မလစ်ဘရယ်ရင် ခေတ်မမီဘူးလို့ ဖြစ်နေတယ်။ လစ်ဘရယ်အဝန်းအဝိုင်းထဲမှာ အလုပ်လုပ်နေပြီး လစ်ဘရယ် သဘောသဘာဝကို သံသယရှိရင်၊ လစ်ဘရယ် တန်ဖိုးတွေကို စျေးဆစ်ရင် ရွာအပြင်ရောက်ဖို့သာပြင်ပါ။

**လစ်ဘရယ် လူသားရင်းမြစ်တွေ မွေးထုတ်ပေး**

တက္ကသိုလ်တွေက လစ်ဘရယ် လူသားရင်းမြစ်တွေ မွေးထုတ်ပေးတယ်။ ထွက်လာတဲ့ လစ်ဘရယ်လူသားရင်းမြစ်တွေက နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူ့အခွင့်အရေး အဖွဲ့အစည်းတွေ၊ မီဒီယာတွေမှာ အလုပ်လုပ်ကြတယ်။ ချိတ်ဆက်အလုပ်လုပ်ကြတယ်။ သူတို့အချင်းချင်း ရန်ဖြစ်လည်း ခဏပဲ။ လစ်ဘရယ်အထိုင်ထဲကပဲရန်ဖြစ်တယ်။ လစ်ဘရယ်စည်းကတော့ အပေါက်မခံဘူး။ သူတို့ အချင်းချင်း ဝေဖန်တယ်။ လစ်ဘရယ် အထိုင်ထဲကပဲဝေဖန်တယ်။ လစ်ဘရယ်စည်းကတော့ အပေါက်မခံဘူး။ ပညာတတ်တွေမို့ ဘယ်လိုရန်ဖြစ်ရမယ်။ ဘယ်လို ညှိနှိုင်းဆောင်ရွက်ရမယ်။ ဘယ်လိုအလုပ်လုပ်ရမယ်ဆိုတာ သိကြပြီးသားဖြစ်တယ်။ နှုတ်မိန့်တွေဆိုတာ ယူအင်န်လို အဖွဲ့အစည်းကြီးတွေမှာ အများကြီးနော်။

ဒီလိုနဲ့ ပညာတော့တတ်ပါရဲ့၊ အမှားအယွင်းလုပ်မိမှာကြောက်ပြီး မလုပ်မရှုပ် မပြုတ်နေတဲ့သူတွေ အများကြီးပဲ။ စနစ်ကြီးကိုယ်တိုင်က အတွင်းက ဝန်ထမ်းတွေကို ပုံစံခွက်ထဲ ရိုက်သွင်းသလိုဖြစ်တယ်။ နောက်ဆုံး အစီရင်ခံစာတွေမှာအားထည့်ပြီး ပျံ့နေအောင်ရေးကြတယ်ပေါ့။ အဲဒီလိုမှ မဟုတ်ဘဲ လူကြီးအကြိုက်မနေတဲ့သူ၊ အထိုင်ကနေဖောက်ထွက်ချင်တဲ့သူ၊ စည်းထဲမှာ မနေချင်တဲ့သူကတော့ထွက်ပေါ့။ နောက်လူလာခဲ့ပဲ။ နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာ လစာ၊ ခံစားခွင့်ကောင်းတော့ လုပ်ချင်တဲ့သူက အပြည့်ပဲ။

**စည်းမျဉ်း၊ စည်းကမ်းဆိုတာ လက်တစ်လုံးခြားပြောင်းတာပါပဲ**

အမှန်ကတော့ နိုင်ငံတကာ အဖွဲ့အစည်းတွေမှာ သူ့မူဝါဒနဲ့ သူ့စည်းမျဉ်းစည်းကမ်း ခိုင်ခိုင်မာမာရှိပေမယ့် အတွင်းကျိတ် ဖြေရှင်းတာ၊ လိုသလိုလှည့်ပတ်လုပ်တာ၊ မလိုတစ်မျိုးလိုတစ်မျိုးလုပ်တဲ့ ကိစ္စတွေ အများကြီးရှိပါတယ်။ ပညာတတ် ဝန်ထမ်းဆိုသူတွေက ဌာနအတွင်းမှာ ပြဿနာနည်းအောင် နားလည်မှုနဲ့ မီးစင်ကြည့်က လုပ်ဆောင်ကြတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေမှာ လိုတစ်မျိုး၊ မလိုတစ်မျိုး၊ လူကိုခင်ရင်မှုကို ပြင်တယ်ဆိုတာ အများကြီး ရှိပါတယ်။ သူတို့ လုပ်ချင်ရင်အတွင်းက စည်းမျဉ်း၊ စည်းကမ်းဆိုတာ လက်တစ်လုံးခြားပြောင်းတာပါပဲ။ သူတို့ မလုပ်ချင်ရင် စည်းမျဉ်း၊ စည်းကမ်းဆိုတာနဲ့ ကိုင်ပေါက်တာပါပဲ။

ကမ္ဘာလှည့်နေတဲ့ ပညာတတ်တွေမို့ အကျိုးစီးပွားနဲ့ပတ်သက်ရင် အားနာတယ်ဆိုတာမရှိဘဲ ဖြောင်ပါပဲ။ တစ်ခါတလေ အစိုးရအဖွဲ့အစည်းတွေမှာ တရားမမျှတဘူး၊ မဟုတ်တာတွေ ဖြစ်နေတယ်ဆိုတာ အချို့နိုင်ငံတကာအဖွဲ့အစည်းတွေက အတွင်းကျိတ်ပြဿနာတွေနဲ့ယှဉ်ရင် ပါးပါးလေးပါ။ နိုင်ငံတကာအဖွဲ့အစည်းတွေက ငွေလမ်းခင်းနိုင်တော့ အသံသိပ်မထွက်ဘူး။ ပညာတတ်များတော့ ပြဿနာကို အသံမထွက်အောင် ဖြေရှင်းကြတယ်။ ပြောချင်တာ တိုက်ရိုက်ရေးရရင် အဲဒီနိုင်ငံတကာ အဖွဲ့အစည်းဝန်ထမ်းတွေဆိုတာ ကမ္ဘာလှည့်ပြီး လူသားချင်းစာနာမှုလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်နေသူတွေ၊ **စာမျက်နှာ ၇ သို့** ❒

**❛ ကမ္ဘာ့ဦးနှောက်ဆိုတာကတော့ ဟုတ်ပါပြီ။ သူတို့ ဦးနှောက်တွေက တစ်ဖက်ပိတ်သလို ဖြစ်နေတယ်ဆိုတော့ ဘယ်လို သူတို့ ဦးနှောက်တွေက ပိတ်သလိုဖြစ်နေတာလဲဆိုရင် အထက်မှာဆိုခဲ့သလိုပဲလေ။ ငယ်ငယ်ကတည်းက စာမဖတ်ကြဘဲ၊ သမိုင်းမလေ့လာကြဘဲ လစ်ဘရယ်ပညာရေးနဲ့ ကြီးပြင်းလာရတော့ တစ်ဖက်ပဲသိသလို ဖြစ်တယ်။ သူတို့ဘက်ကိုပဲ အမှန်ထင်တော့ တစ်ဖက်အမြင်မတူသူတွေကို အထင်မကြီးဘူးပေါ့။ သူတို့သာအမှန်ပေါ့။ ပြန်လည်မပြင်ဆင်လိုဘူးပေါ့။ ဖောက်ထွက်တွေးခေါ်မှုတွေ ပျောက်ဆုံးသွားတာပေါ့။ သူတို့နဲ့ အမြင်မတူတဲ့သူကို ဝိုင်းပယ်ဆန့်ကျင်တာပေါ့။ အငြိုးတကြီးတုံ့ပြန်တာပေါ့။ လူ့သဘာဝပေါ့။ အချို့က ပညာတတ်လေ ခေါင်းမာလေပဲ ❜**

❒ စာမျက်နှာ ၆ မှ

အခက်အခဲပြဿနာတွေကို ဖြေရှင်းဆောင်ရွက်နေသူတွေဖြစ်လို့ သူတို့တွေဟာ ကမ္ဘာ့ဦးနှောက်တွေပဲဖြစ်ပါတယ်။ အဲဒီ ဦးနှောက်တွေကပဲ ကမ္ဘာကြီးငြိမ်းချမ်းရေး၊ တိုးတက်ဖွံ့ဖြိုးရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ချိတ်ဆက်လှည့်ပတ်အလုပ်လုပ်နေကြတာဖြစ်ပါတယ်။ သူတို့(လစ်ဘရယ်) အထိုင်၊ သူတို့(လစ်ဘရယ်) စည်း သွားထိတဲ့သူက ငမိုက်သားပါပဲ။ အခုဆို အဲဒီ အထိုင်၊ အဲဒီစည်းကို ဖောက်မယ့်သူ ပေါ်လာခဲ့ပါပြီ။ ဟုတ်ကဲ့။ အမေရိကန်က ဒေါ်နယ် ထရမ့်ပါပဲ။

နေပါဦး။ ကမ္ဘာ့ဦးနှောက်ဆိုတာကတော့ ဟုတ်ပါပြီ။ သူတို့ ဦးနှောက်တွေက တစ်ဖက်ပိတ်သလို ဖြစ်နေတယ်ဆိုတော့ ဘယ်လို သူတို့ဦးနှောက်တွေက ပိတ်သလိုဖြစ်နေတာလဲဆိုရင် အထက်မှာ ဆိုခဲ့သလိုပဲလေ။ ငယ်ငယ်ကတည်းက စာမဖတ်ကြဘဲ၊ သမိုင်းမလေ့လာကြဘဲ လစ်ဘရယ်ပညာရေးနဲ့ ကြီးပြင်းလာရတော့ တစ်ဖက်ပဲ သိသလိုဖြစ်တယ်။ သူတို့ဘက်ကိုပဲ အမှန်ထင်တော့ တစ်ဖက်အမြင်မတူသူတွေကို အထင်မကြီးဘူးပေါ့။ သူတို့သာ အမှန်ပေါ့။ ပြန်လည်မပြင်ဆင်လိုဘူးပေါ့။ ဖောက်ထွက် တွေးခေါ်မှုတွေ ပျောက်ဆုံးသွားတာပေါ့။ သူတို့နဲ့ အမြင်မတူတဲ့သူကို ဝိုင်းပယ်ဆန့်ကျင်တာပေါ့။ အငြိုးတကြီးတုံ့ပြန်တာပေါ့။ လူ့သဘာဝပေါ့။ အချို့က ပညာတတ်လေ ခေါင်းမာလေပဲ။

ပြဿနာအားလုံးကို လစ်ဘရယ်အထိုင်က ဆုံးဖြတ်နေကြတာလေ။ အားလုံးက လူ့အခွင့်အရေးနေကြတာလေ။ လူ့အခွင့်အရေးက မကောင်းတာမဟုတ်ဘူး။ ကောင်းတယ်။ ဒါပေမဲ့ အမျိုးသားရေးဆိုတာလည်း ထည့်စဉ်းစားဖို့လိုတယ်။ လူမျိုးတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းမှာ သူ့စံတန်ဖိုးထားမှုတွေ၊ အမှတ်လက္ခဏာတွေဆိုတာရှိတယ်။ လစ်ဘရယ်ဆိုတာရဲ့အောက်မှာ လူတွေကို အကန့်အသတ်မရှိ ပေးဝင်ရင် ကြာရင် အဲဒီပြင်ပက ဝင်လာတဲ့လူဦးရေက မူရင်းနိုင်ငံသားတွေကို ကျော်လွန်သွားနိုင်တယ်။ မဟုတ်ရင်လည်း လုံခြုံရေးဆိုင်ရာ ပြဿနာတွေဖြစ်စေနိုင်တယ်။

## လူဝင်မှုပြဿနာက သူတို့ဆီမှာ အကြီးကြီးပဲ

ဩစတြေးလျနိုင်ငံဆို အရွယ်အစားကကြီးပေမယ့် လူဦးရေကနည်းတော့ လူဝင်မှုမှာ အလွန်ကြီးမလစ်ဘရယ်ရဲဘူး။ အမေရိကန်ဆိုလည်း နိုင်ငံကြီးတယ်ဆိုပေမယ့် အခုဒီသဘောပေါ့။ ထရမ့်တို့လို လူဝင်မှုကို အဓိကထားမဲဆွယ်သူတွေက ရွေးကောက်ပွဲနိုင်တယ်။ ဥရောပလည်း အနည်းနဲ့အများ ဒီအတိုင်းပဲ။ လူဝင်မှုပြဿနာက သူတို့ဆီမှာ အကြီးကြီးပဲ။ ဒါတွေကို ထိုက်သင့်သလို ထိန်းချုပ်ဖို့လိုတယ်။ သို့သော် ဥရောပလိုနေရာမျိုးမှာ အီးယူဆိုတဲ့ အရိပ်အောက်မှာ အဖွဲ့ဝင်နိုင်ငံအများစုက လစ်ဘရယ်အစိုးရတွေဆိုတော့ သူတို့ဦးနှောက်တွေက လစ်ဘရယ်အထိုင်ကပဲ အလုပ်လုပ်တယ်။ ပညာတတ်လွန်းတော့ အချင်းချင်းအမုန်းမခံချင်ကြဘူး။

လစ်ဘရယ်နိုင်ငံတွေမှာ ပြည်ပက တရားမဝင်ဝင်လာတဲ့သူတွေက အကြမ်းဖက်မှု ပြုရင်တောင် ကြားဝင်ပြောမယ့်သူက မရှိဘူး။ ထိထိရောက်ရောက် ရေးသားတင်ပြမယ့် မီဒီယာကမရှိဘူး။ အစိုးရကော၊ ပြည်သူကော သူတို့ဦးနှောက်တွေက တစ်ဖက်ပိတ်သလို ဖြစ်နေတယ်။ ထောက်ပြပြီဆိုရင် ဘယ်သူက လုပ်တာပါ၊ ဘာလူမျိုးပါ၊ ဘယ်နိုင်ငံသားပါ ပြောရတော့မယ်။ လူမျိုး၊ ဘာသာပါရင်ကို ခွဲခြားမှုလို့ မြင်တဲ့သူက မြင်တယ်။ အကောင်းဆုံးက နှုတ်ဆိတ်နေတာ ကောင်းတယ်။ အပြောမတော်ရင် ဖက်ဆစ်တံဆိပ်၊ အမျိုးသားရေးတံဆိပ် အကပ်ခံနေရမယ်။ လူ့အခွင့်အရေးပဲ အမြဲရွတ်နေရင် အန္တရာယ်ကင်းတယ်ဆိုတာ မသိစိတ်ကလှုံ့ဆော်နေတယ်။ နည်းနည်းလေးမှ စိတ်ထဲကို အမျိုးသားရေး အဝင်မခံဘူး။ တစ်ဖက်ပိတ်နေတဲ့ ဦးနှောက်က ခွင့်မပြုဘူး။

၂၀၁၆ ခုနှစ် ထဲလောက်မှာ ပြင်သစ်နဲ့ ဂျာမနီမှာ အစ္စလာမ် အစွန်းရောက်အချို့က ကားတွေနဲ့ လူအုပ်ထဲဝင်တိုက်တာပေါ့။ လူတွေဆယ်ဂဏန်း အတော်များများသေတယ်။ တစ်ချိန်တည်းမှာ ဆိုရှယ်မီဒီယာတွေမှာ ဂျာမနီမြို့ကြီးအချို့မှာ ပြည်ပက ဝင်ရောက်လာသူတွေ များလာပြီးတဲ့နောက်မှာ ဂျာမန် အမျိုးသမီးတွေဘဝ မလုံခြုံတာ၊ မကြာခဏ လမ်းပေါ်မှာ လိင်ပိုင်းဆိုင်ရာ အနှောင့်ယှက်ခံရတာ၊ အချို့လမ်းတွေမှာ ညဘက်ဆို အမျိုးသမီးတွေ မသွားလာရဲတာ တင်ပြကြတယ်။ ဂျာမန်လူထုကကော၊ အစိုးရကကော ဘာသိဘာသာပဲနေတယ်။ ဆိုရှယ်မီဒီယာတွေမှာ ဂျာမန်တွေ ရန်ဖြစ်နည်းမေ့သွားပြီဆိုပြီး ရေးကြတယ်။ ငါတို့ ဂျာမန်တွေက အပြင်ကလာတဲ့ လူစိမ်းတွေက ကိုယ့်အမျိုးသမီးတွေကို စော်ကားနေတာကိုတောင် ကြည့်နေနိုင်လောက်အောင် သွေးအေးသွားကြပြီဆိုတဲ့သဘော မချိတင်ကဲ ရေးတာပေါ့။

## မောင်နပ်တွေ များလာ

လစ်ဘရယ်တွေဘက်ကလည်း ပြဿနာတစ်ခုကို ထိထိရောက်ရောက် ဖြေရှင်းမယ်ဆိုရင် လူဝင်မှုပြဿနာတွေကို ဖြေရှင်းရမယ်၊ ဖမ်းသင့်တဲ့သူ ဖမ်းရမယ်၊ အရေးယူသင့်တဲ့သူ ယူရမယ်၊ ပြန်ပို့သင့်တဲ့သူ ပို့ရမယ်၊ အဲဒီလို အာဏာစက်ကိုသုံးပြီဆိုတာနဲ့ လူ့အခွင့်အရေး အဖွဲ့အစည်းတွေက ဝိုင်းအော်ကြမယ်။ အကြမ်းဖက်အစွန်းရောက်ဝါဒကို ပိုပြီး အားပေးသလိုဖြစ်မယ်။ ဘာသိဘာသာနေလိုက်တာ ကောင်းတယ်ပေါ့။ ဘယ်နိုင်ငံရေးသမား၊ ဘယ်ပါတီမှ ရှေ့တန်းထွက်ပြီး နိုင်ငံသားတွေ အကျိုးစီးပွားဆိုတာ မပြောရဲဘူး။ အမျိုးသားအကျိုးစီးပွားလို့ ဟတာနဲ့မတော်ရင် ဖက်ဆစ်တံဆိပ် အကပ်ခံရမှာပဲ။ တစ်သက်လုံး နိုင်ငံရေးမှာ အရိပ်လိုပါသွားမှာပဲ။ ဥရောပသမိုင်းနောက်ခံကလည်း ဖက်ဆစ်ဟစ်တလာ အရိပ်ထိုးနေတာမို့ နိုင်ငံရေးမှာ တစ်ခုခုမှားတာနဲ့၊ လစ်ဘရယ်ကို ဆန့်ကျင်တာနဲ့ ဖက်ဆစ်တံဆိပ် အကပ်ခံရမှာ ကြောက်ကြတယ်။ ဒီလိုနဲ့ဥရောပနိုင်ငံရေး တစ်နည်း အီးယူနိုင်ငံရေးမှာ မောင်နပ်တွေ များလာတော့တာပေါ့။

အခုဆို အမေရိကန်မှာ ဒီမိုကရက်တစ်ထောက်ခံသူ ကြားထဲမှာကို ငါတို့ဘက်ကလည်း ပြင်သင့်တာပြင်ရမယ်။ အချို့ ငါတို့အတွေးအခေါ်တွေက လက်ဝဲစွန်း (far-left) ရောက်ချင်နေတယ်ပေါ့။ ကိုယ့်နိုင်ငံသား အကျိုးတော့ ကြည့်သင့်တာ ကြည့်ရမှာပေါ့လို့ ပြောသူတွေရှိလာတယ်။ ဟိုဘက်လည်းကောင်းတာရှိတယ်။ ဒီဘက်လည်း ကောင်းတာရှိတယ်။ လစ်ဘရယ်နဲ့ အမျိုးသားရေးပေါင်းစပ်ပြီး ဖက်စပ်ပုံစံမျိုး စဉ်းစားကြတယ်။ လစ်ဘရယ် အမာခံတွေကတော့ လှမ်းငေါက်တာပေါ့။ ဘာဖက်စပ်လဲ။ ဒီမိုကရေစီမှာ ဖက်စပ်ဆိုတာမရှိဘူး။ လူ့အခွင့်အရေးမှာ ဈေးဆစ်လို့မရဘူးပေါ့။ ဥရောပမှာလည်း လစ်ဘရယ် နိုင်ငံရေးသမားတွေထဲမှာ ပြုပြင်ပြောင်းလဲဖို့ဆော်ဩတာတွေ ရှိနေတယ်။ သူတို့ဆီမှ အလယ် (Centre) ဆိုတာ ရှိတယ်။ Centre, Centre Right, Centre Left စသဖြင့်ပေါ့။

ဒါပေမဲ့ နိုင်ငံရေးဆိုတာ အမြဲ အလယ်မှာ အတိအကျနေလို့မရဘူး။ အားလုံးကို အမြဲကျေနပ်အောင်လုပ်လို့ မရဘူး။ ဆုံးဖြတ်ချက်တွေမှာ ဘက်တစ်ဖက်တော့ လိုက်ရတာပဲ။ ဒီလိုနဲ့ ဥရောပမှာ အလယ်နိုင်ငံရေးတွေ အားနည်းလာပြီး လက်ယာစွန်း၊ လက်ဝဲစွန်းဆိုတဲ့အဟက ပိုကြီးလာတယ်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ ဥရောပကော်မရှင်အကြီးအကဲ Ursula von der Leyen (European Commission President) က ဥရောပလူနေမှုဘဝကိုဥရောပနည်း၊ဥရောပဟန်နဲ့ ကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့ သဘောသုံးနှုန်းပြောဆိုခဲ့လို့ လက်ဝဲနိုင်ငံရေးသမားတွေ၊ လူ့အခွင့်အရေးအဖွဲ့အတွေရဲ့ ဝေဖန်ပြစ်တင်တာခံရပါတယ်။ လူဝင်မှုကိစ္စနဲ့ လုံခြုံရေးကိစ္စကို ချိတ်ဆက်တယ်၊ ဒါဟာ လက်ယာစွန်းတွေရဲ့ အယူအဆဖြစ်တယ်၊ ဥရောပကော်မရှင်အကြီးအကဲဟာ ဒါလေးတောင်နားမလည်ဘူးဆိုပြီး အီးယူတောင် လေသံပြောင်းနေပြီ။ လစ်ဘရယ်ကို သစ္စာဖောက်ပြီ။ လူ့အခွင့်အရေးမှာ အမေရိကန်နည်း၊ အမေရိကန်ဟန်ဆိုတာ မရှိဘူး။ ဥရောပနည်း၊ ဥရောပဟန်ဆိုတာ မရှိဘူး။ အာရှနည်း၊ အာရှဟန်ဆိုတာမရှိဘူး၊ လူ့အခွင့်အရေးက လူ့အခွင့်အရေးပါပဲဆိုပြီး ဝေဖန်ကြပါတယ်။

## မြွေမြွေချင်း ခြေမြင်နေကြ

အခုဆို လေ့လာသူအချို့က လက်ရှိအမေရိကန်၊ ဥရောပမှာဖြစ်နေတဲ့ နိုင်ငံရေး အပြောင်းအလဲတွေဟာ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်မယ်လို့ ခံစားနေကြရတယ်။ နိုင်ငံရေးက သူသေ၊ ကိုယ်ရှင်ဆိုတာမျိုး ဖြစ်လာနေတယ်။ တောင်ငူကလည်း တောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင်လို့ပြောရမလိုဖြစ်နေတယ်။ နှစ်ဖက်စလုံးက စိတ်လှုပ်ရှားလွယ်ကြတယ်။ တစ်ခုခုဆို စိတ်မပြေဖြစ်တယ်။ အလျှော့မပေးလိုဘူး။ အငြိုးကြီးတတ်ကြတယ်။ နည်းနည်းမှ အကျောမခံကြဘူး။ သူတို့အချင်းချင်း (ပညာတတ်အချင်းချင်း) ဖြစ်ရင် ပိုကြောက်ဖို့ကောင်းတယ်။ မြွေမြွေချင်း ခြေမြင်နေကြတယ်ပေါ့လေ။

အခုအချိန်က အရင်လို အမေရိကန်တစ်နိုင်ငံတည်း အားကြီးတာမဟုတ်တော့ဘူး။ အရင်လို ဥရောပခေတ်လည်း မဟုတ်တော့ဘူး။ တရုတ်တို့၊ ရုရှားတို့လို အခြားပြိုင်ဘက်အင်အားကြီးနိုင်ငံတွေ ရှိလာနေပြီ။ သူတို့က လစ်ဘရယ်မဟုတ်ကြဘူး။ ပိုက်ဆံလည်းရှိသွားပြီ။ အတွေ့အကြုံလည်း များသွားပြီ။ စာလည်းတတ်သွားကြပြီ။ အလိုက်အထိုက်နေရင်း ကမ္ဘာ့နိုင်ငံရေးကို ကောင်းကောင်း ကစားတတ်နေပြီ။ ကစားနိုင်တဲ့ နည်းပညာနဲ့ လူသားရင်းမြစ်လည်းရှိနေပြီ။ အမေရိကန်နဲ့ ဥရောပ ညီညွတ်ကြပါ၊ တစ်နည်း အနောက်လစ်ဘရယ်နိုင်ငံတွေ စည်းလုံးကြပါ၊ ကျောချင်းကပ်ကြပါ။ မဟုတ်ရင် တရုတ်နဲ့ ရုရှားက စားသွားမယ်ဆိုပြီး ပြောကြပါတယ်။

## အတွင်းပဋိပက္ခတွေက ကြီးမြဲကြီးနေ

အခု အနောက်နိုင်ငံတွေဖြစ်နေတဲ့ နိုင်ငံရေးဝရုန်းသုန်းကားအခြေအနေတွေက နိုင်ငံရေးရှုထောင့်တစ်ခုတည်းနဲ့ ရှင်းလို့မရနိုင်ပါဘူး။ ဆိုလိုတာ လစ်ဘရယ်နိုင်ငံတွေမှာ နိုင်ငံရေးပါတီအချင်းချင်း၊ နိုင်ငံရေးသမားအချင်းချင်း နားလည်မှုရတောင် ကမ္ဘာလုံးဆိုင်ရာ လစ်ဘရယ် ချိတ်ဆက်ကွန်ရက်ကြီး တစ်နည်းတစ်ဖက်ပိတ်နေတဲ့ ကမ္ဘာ့ဦးနှောက်ကြီးကို မပြင်ဆင်၊ မပြောင်းလဲနိုင်ရင် သူတို့က လူ့အခွင့်အရေး အထိုင်၊ နိုင်ငံတကာ တရားဥပဒေမူဘောင်အထိုင်ကနေ ထရမ့်တို့လို လစ်ဘရယ်မကျသူတွေကို အမျိုးမျိုးဆန့်ကျင်ဖိအားပေးနေမှာဖြစ်လို့ အတွင်းပဋိပက္ခတွေက ကြီးမြဲကြီးနေမှာပါပဲ။ လစ်ဘရယ်ဦးနှောက်ဆိုတာ အင်မတန်ပြေးပါတယ်။ နည်းနည်းလေး ခြေကုပ်ရပြီဆိုတာနဲ့ ခေါင်းစဉ်အမျိုးမျိုးအောက်မှာ တဖြည်းဖြည်းချင်း တိုးဝင်လာမှာပဲ။ အခြေအနေမကောင်းရင်၊ အခွင့်အရေး မပေးရင်လည်း သူတို့က တံခါးဝမှာ အကြာကြီး စောင့်နေမှာပါပဲ။ အခွင့်ရပြီဆိုတာနဲ့ အရှိန်အဟုန်နဲ့ တိုးဝင်ဆောင့်မှာပါပဲ။ သူတို့ကို သွားရှင်းပြနေလို့မရပါဘူး။ ပြောလေ၊ ကဲလေ ခံပြင်းစိတ်နဲ့ ပိုပြီးတောင် လစ်ဘရယ်ပြပါလိမ့်မယ်။ မှတ်ပြီလား။ ငါတို့ကို ပြင်ဆင်ရမယ်ပြောတာ နင်လား။ ငါတို့ကပဲ ပြဿနာဖန်တီးသူလို့ရေးတာ နင်လား။ ငါတို့ကပဲ အလုပ်မဖြစ်သလိုဝေဖန်တာ နင်လားဆိုပြီး မထိတထိတော့ သွားမလုပ်နဲ့နော်။ ကမ္ဘာ့ဦးနှောက်တွေက စိတ်ကြီးတယ်။

❝ လစ်ဘရယ်နိုင်ငံတွေမှာ နိုင်ငံရေးပါတီအချင်းချင်း၊ နိုင်ငံရေးသမားအချင်းချင်း နားလည်မှုရတောင် ကမ္ဘာလုံးဆိုင်ရာ လစ်ဘရယ်ချိတ်ဆက်ကွန်ရက်ကြီး တစ်နည်းတစ်ဖက်ပိတ်နေတဲ့ ကမ္ဘာ့ဦးနှောက်ကြီးကို မပြင်ဆင်၊ မပြောင်းလဲနိုင်ရင် သူတို့က လူ့အခွင့်အရေးအထိုင်၊ နိုင်ငံတကာ တရားဥပဒေမူဘောင်အထိုင်ကနေ ထရမ့်တို့လို လစ်ဘရယ်မကျသူတွေကို အမျိုးမျိုးဆန့်ကျင် ဖိအားပေးနေမှာဖြစ်လို့ အတွင်းပဋိပက္ခတွေက ကြီးမြဲကြီးနေမှာပါပဲ။ လစ်ဘရယ်ဦးနှောက်ဆိုတာ အင်မတန်ပြေးပါတယ်။ နည်းနည်းလေးခြေကုပ်ရပြီဆိုတာနဲ့ ခေါင်းစဉ်အမျိုးမျိုးအောက်မှာ တဖြည်းဖြည်းချင်းတိုးဝင်လာမှာပဲ။ အခြေအနေမကောင်းရင်၊ အခွင့်အရေး မပေးရင်လည်း သူတို့က တံခါးဝမှာ အကြာကြီးစောင့်နေမှာပါပဲ။ အခွင့်ရပြီဆိုတာနဲ့ အရှိန်အဟုန်နဲ့ တိုးဝင်ဆောင့်မှာပါပဲ။ သူတို့ကို သွားရှင်းပြနေလို့မရပါဘူး။ ပြောလေ၊ ကဲလေ ခံပြင်းစိတ်နဲ့ ပိုပြီးတောင် လစ်ဘရယ်ပြပါလိမ့်မယ် ❞

ဒါကြောင့်လည်း ထရမ့်လို မိုက်မိုက်ကန်းကန်း နိုင်ငံရေးသမားနဲ့တွေ့တော့ အမေရိကန်မှာ လစ်ဘရယ်အဖွဲ့အစည်းတွေ ကော့နေအောင်ခံရတယ်။ အချိတ်အဆက်တစ်ခုလုံးကို ဖြတ်တောက်ပိတ်ဆို့ဖို့ ကြိုးစားတယ်။ ဟားဗတ်လို အထင်ကရတက္ကသိုလ်ကြီးတောင် ဖိအားအပေးခံရတယ်။ ရန်ပုံငွေတွေ ရပ်ဆိုင်းခံရတယ်။ တစ်ဖက်ပိတ်နေတဲ့ ဦးနှောက်တွေကို ထရမ့်က ရိုက်ပုတ်ပြီး နှိုးဆွပစ်နေတယ်ပေါ့။ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ကမ္ဘာတစ်လွှား ဒီမိုကရေစီထွန်းကားလာအောင်၊ လူ့အခွင့်အရေး ထွန်းကားလာအောင်၊ အတူယှဉ်တွဲနေထိုင်မှုတွေ ထွန်းကားလာအောင်၊ တစ်နည်း အာဏာရှင်တွေ ချည့်နဲ့လာအောင် လူမှုအဖွဲ့အစည်းတွေကို လစ်ဘရယ်အထိုင်ကနေ သင်တန်းတွေ ပုံစံအမျိုးမျိုးနဲ့ပို့ချခဲ့တယ်။ အကူအညီတွေ ပုံစံအမျိုးမျိုးနဲ့ ပေးခဲ့ကြတယ်။ ဆယ်စုနှစ်တွေပဲ အတော်ကြာလာခဲ့ပြီ။ အလုပ်ဖြစ်ပါသလား။ ကမ္ဘာကြီးက ပိုပြီးငြိမ်းချမ်းလာပါသလား။ လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာတွေ တိုးတက်ကောင်းမွန်လာပါသလား။ ဘာတွေမှားနေပါသလဲ။

တကယ်တော့ လစ်ဘရယ်တွေဟာ နှစ်ခါနာပါတယ်။ သူတို့ အကူအညီပေးနေတဲ့ ဆင်းရဲတဲ့နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ပဋိပက္ခဖြစ်နေတဲ့ နိုင်ငံတွေမှာ ဒီမိုကရေစီ၊ လူ့အခွင့်အရေးက မတိုးတက်လာဘူး။ သူတို့ မိခင်နိုင်ငံတွေမှာလည်း မူလရှိနှင့်ပြီးသား ဒီမိုကရေစီ၊ လူ့အခွင့်အရေးက ဆုတ်ယုတ်လာတယ်။ သူများအတွက် ငြိမ်းချမ်းရေးလည်း မဖော်ဆောင်နိုင်ဘူး။ ကိုယ့်နေရပ်ရင်းမှာလည်း (နိုင်ငံရေး) တင်းမာမှုတွေက တိုးလာတယ်။ ဒီအတိုင်းဆက်သွားရင် ပြင်သစ်သမ္မတ မက်ခရွန် ရံဖန်ရံခါ သတိပေးလေ့ရှိတဲ့ ပြည်တွင်းစစ်ဆိုတာအထိ ဦးတည်သွားပါလိမ့်မယ်။

လစ်ဘရယ် အဖွဲ့အစည်းတွေ၊ လစ်ဘရယ်နိုင်ငံရေးသမားတွေ သေသေချာချာ စဉ်းစားပေးကြပါ။ တစ်ဖက်ပိတ်နေတဲ့ ဦးနှောက်တွေ နည်းနည်းပြန်နိုးဆွပေးကြပါ။ ဒီကမ္ဘာကြီးလည်း အမြန်ဆုံးငြိမ်းချမ်းပါစေ။ ။

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်
"ကျောင်းနေအရွယ်ကလေးအားလုံး
စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန
"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့်
အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

ပညာရေးဝန်ကြီးဌာန
"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
❖ ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများစွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား သတ်မှတ် ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုအား ကြည့်ရှုအားပေး

ဘားအံ မေ ၁၈

မကြာမီကာလအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် မေ ၁၇ ရက် နံနက်ပိုင်းက အခြေခံပညာကျောင်းများ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာနေ ပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံ ပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ မင်္ဂလာရွာသစ် အခြေခံပညာမူလတန်းကျောင်း၊ ကော့ကသောင် အခြေခံပညာမူလတန်းကျောင်း၊ အုန်းတပင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာနေ ပြည်သူများ စုစုပေါင်း အင်အား ၁၀၆၀ ခန့်သည် စာသင်ကျောင်းများ



အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း အစရှိသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အဆိုပါကျောင်းများ၏ ကျောင်းဥပစာရပ်ကောင်းမွန်ရေး၊ စာသင်ဆောင်၊ စာသင်ခန်း၊ ပရိဘောဂများနှင့် ရေ၊ မီး၊ မိလ္လာများ ပြည့်စုံလုံလောက်မှုရှိစေရေး ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းနေပျော်၍ စာတော်သော ကျောင်းသားကျောင်းသူများဖြစ်စေရေး စာသင်ကျောင်းများကို သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကောင်းများအဖြစ် အစဉ်ဖန်တီးပေးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ပေ ၁၄၀ x ပေ ၃၀ RC နှစ်ထပ် စာသင်ဆောင်တည်ဆောက်ပြီးစီးမှုနှင့် စာသင်ဆောင်အတွင်း ပရိဘောဂများ ပြည့်စုံလုံလောက်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စာသင်ဆောင်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ စာပေမြင့်မှ လူမျိုးတင့်မည်

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၅-၂၀၂၆ ပညာသင်နှစ်”
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာ
## သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

( ခ ) ပထမတန်း (Grade 1) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

( ဂ ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

( င ) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

( စ ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

( ဇ ) သတ္တမတန်း (Grade 7) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ(၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

( ဋ ) ဒသမတန်း (Grade 10) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂)ချောင်း

( ဌ ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂) ချောင်း

( ဍ ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ်(၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ(၂) ချောင်း



## ဒေးဒရဲမြို့၌ စဉ်ဆက်မပြတ်ပညာသင်ကြားဖို့ ကျောင်းအပ်နှံကြစို့ မြေစိုက်ပိုစတာစိုက်ထူ

ဒေးဒရဲ မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့၌ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၅ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် “ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” မြေစိုက်ပိုစတာကို ယနေ့နံနက်ပိုင်းက ဒေးဒရဲ တံတားလမ်းမရှိ ဗိုလ်ချုပ်ကြေးရုပ်အနီးတွင် စုပေါင်းစိုက်ထူခဲ့ကြသည်။

အဆိုပါ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြသိန်းမောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး မွန်မြတ်သူစိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက မြေစိုက်ပိုစတာ စိုက်ထူပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။ **အေဇာလင်း**

## မိုင်းပျဉ်းမြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာများစိုက်ထူ

မိုင်းပျဉ်း မေ ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် “ကျောင်းနေအရွယ် ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” မြေစိုက်ပိုစတာကို ယနေ့နံနက် ၇ နာရီက အထကကျောင်းရှေ့၊ မြို့မဈေးအရှေ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့တို့၌ စိုက်ထူခဲ့ကြသည်။



အဆိုပါ ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းဟွမ်နွမ်းနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

မိုင်းပျဉ်းမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ (KG) အတန်းမှ (Grade-12) အထိ ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## မင်းလှမြို့၌ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲပြုလုပ်



မင်းလှ မေ ၁၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲများကို အထက မင်းလှ(မြို့ပြင်) ကျောင်း၌ မေ ၁၈ ရက် နံနက် ၉ နာရီက စတင်ဆောင်ရွက်ခဲ့သည်။

မူလတန်းအဆင့် ဆွေးနွေးပွဲတွင် မူလတန်းကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီး ၄၂ ဦးက နည်းပြအဖြစ် ဆွေးနွေးပို့ချပြီး အလယ်တန်းအဆင့် ဆွေးနွေးပွဲတွင် အလယ်တန်းပြဆရာ ဆရာမ ၁၂ ဦးက နည်းပြအဖြစ် ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

ဆွေးနွေးပွဲကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆွေးနွေးခြင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

## အင်္ဂပူမြို့၌ အခြေခံပညာအလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲပြုလုပ်

အင်္ဂပူ မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အထက(အင်္ဂပူ) ငုရွှေဝါခန်းမ၌ ယနေ့နံနက်ပိုင်းက အခြေခံပညာအလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုခိုင်က ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွေးနွေးပွဲတက်ရောက်လာသည့် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဘာသာရပ်ဆွေးနွေးနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုခိုင်နှင့် ပညာရေးဝန်ထမ်းများ၊ နည်းပြများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



# မြန်မာ့ပေါ်ဆန်းမွှေး ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုအလားအလာ

**အေးမိုးစံ**
**(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)**



မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအနက် အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ဆန်စပါးသည် နိုင်ငံ၏အခြေခံကျသော အစားအစာဖြစ်သည့်အပြင် မဟာဗျူဟာမြောက်သည့် စိုက်ပျိုးရေးထွက်ကုန် တစ်ခုလည်းဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ရေ၊ မြေ၊ ရာသီဥတု၊ ဒေသနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်၍ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင်သော စပါးမျိုး စုစုပေါင်း ၂၀၀ ကျော် စိုက်ပျိုးလျက်ရှိပါသည်။ ဆန်စပါးသည် တစ်နိုင်ငံလုံးရှိ သီးနှံစိုက်ပျိုးဧရိယာ၏ ၃၄ ရာခိုင်နှုန်းခန့် ရှိပြီး မိုးစပါးနှင့် နွေစပါးစုစုပေါင်း စိုက်ဧက ၁၇သန်းခန့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပါသည်။ နှစ်စဉ်ထွက်ရှိသည့် ဆန်စပါး၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်း စားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်မှုတွင် အသုံးပြု၍ ကျန် ၂၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

**စိုက်ပျိုးထွက်ရှိသော ဆန်စပါးများ**

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ဆန်စပါးများကို ဆန်လုံးအရှည်၊ ဆန်သားအရောင်နှင့် အရွယ်အစားတို့အပေါ်မူတည်ပြီး ညှော်မထ၊ လက်ရွေးစင်၊ ငစိန်၊ ဖြတ်နှင့် မြီးတုံးအုပ်စုဟူ၍ အုပ်စုငါးမျိုး ခွဲခြားထားပါသည်။ လေ့လာထားသော သုတေသနတွေ့ရှိချက်များအရ ပြည်တွင်းစားသုံးမှုအများဆုံးနှင့် အကြိုက်နှစ်သက်ဆုံး ဆန်အမျိုးအစားများမှာ မြီးတုံးအုပ်စုဝင် ပေါ်ဆန်းမွှေး၊ ညှော်မထအုပ်စုဝင် ဧရာမင်းနှင့် လက်ရွေးစင်အုပ်စုဝင် မနောသုခဆန်အမျိုးအစားတို့ ဖြစ်ပါသည်။

ဆန်လုံးရှည်၍ သေးသွယ်ပြီး ဆန်သားကြည်လင်သော ညှော်မထအုပ်စုဝင် ဆန်အမျိုးအစားများကို ပြည်ပသို့ အဓိကတင်ပို့ရောင်းချလျက်ရှိပါသည်။ ထို့ပြင် မကြာသေးမီနှစ်များအတွင်း ကမ္ဘာ့ဆန်ဈေးကွက် လေ့လာတွေ့ရှိချက်များအရ အရှေ့အလယ်ပိုင်းဈေးကွက်သည်မြီးတုံးအုပ်စုဝင်ပေါ်ဆန်းမွှေး၊ လုံးသွယ်မွှေးနှင့် ဇီယာဆန်အမျိုးအစားတို့ကို နှစ်သက်ပြီး လက်ရွေးစင်အုပ်စုဝင် ဆင်းသုခကို ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများက ကြိုက်နှစ်သက်ကြကြောင်း တွေ့ရှိရပါသည်။

မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် မွှေးကြိုင်သော ရနံ့၊ နူးညံ့သောအရသာနှင့် ဆန်သားအရည်အသွေးကောင်းမွန်မှုတို့ကြောင့် ပြည်တွင်းဈေးကွက်တွင် လူကြိုက်များ၍ ဝယ်လိုအားမြင့်မားပြီး ရေပန်းစားသော ဆန်အမျိုးအစားဖြစ်သည်။ ထို့ပြင် မြန်မာ့ပေါ်ဆန်းမွှေးသည် နိုင်ငံတကာတွင် အသိအမှတ်ပြုခံရသော မြန်မာ့မျိုးရင်းစပါးတစ်ခုဖြစ်ပြီး ပေါ်ဆန်းမွှေးဆန်၏ ပင်ကိုအရည်အသွေး ကောင်းမွန်မှုသည် အားသာချက်တစ်ခုဖြစ်ပါသည်။ မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် နိုင်ငံတကာဆန်ဈေးကွက်တွင် ဈေးကောင်းရသည့် အရည်အသွေးမြင့်ဆန်များဖြစ်သော ထိုင်းနိုင်ငံမှ စံပယ်နံ့မွှေးသောဆန်၊ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့မှ ဘာစမာတီဆန်၊ ဗီယက်နမ်နိုင်ငံမှ ST24 ဆန်များနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးကောင်းရသည့် တန်ဖိုးမြင့် ဆန်အမျိုးအစားဖြစ်ပါသည်။

**ရွှေဘိုဒေသသို့ ယူဆောင်စမ်းသပ်စိုက်ပျိုး**

၁၉၂၂ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မူရင်းပေါ်ဆန်းမွှေးစပါးကို စတင်သတိပြုမိခဲ့ကြပြီး ယခုအခါ နှစ်ပေါင်း ၁၀၀ ကျော်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပေါ်ဆန်းမွှေးစပါးမျိုးများကို ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးကြပါသည်။ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်မှ ပေါ်ဆန်းဘေးကျား စပါးမျိုးအနည်းငယ်ကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသသို့ ယူဆောင်စမ်းသပ်စိုက်ပျိုးရာမှ ထွက်ပေါ်လာခဲ့သည့် ရွှေဘိုပေါ်ဆန်းမွှေးစပါးမျိုးကို မြန်မာနိုင်ငံတွင် ယခုအခါတွင်ကျယ်စွာ စိုက်ပျိုးလာခဲ့ကြပါသည်။

လေ့လာထားသော သုတေသနတွေ့ရှိချက်များအရ စိုက်ပျိုးသည့် ဒေသ၊ ရာသီဥတု၊ မြေဆီလွှာနှင့် စိုက်ပျိုးနည်းစနစ်များပေါ်မူတည်၍ ပေါ်ဆန်းမွှေးစပါး၏ အထွက်နှုန်းနှင့် အရည်အသွေးသည် ကွဲပြားခြားနားမှုရှိသကဲ့သို့ ပြည်တွင်းဆန်ဈေးကွက်တွင်လည်း ထွက်ရှိရာဒေသပေါ်မူတည်၍ ဧရာဝတီပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ ပုသိမ်ပေါ်ဆန်း၊ မြောင်းမြပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်း၊ ပေါ်ဆန်းရင်၊ ပေါ်ဆန်းဘေးကျား စသည်ဖြင့် နာမည်ကွဲများစွာလည်း ခေါ်ဝေါ်ကြပါသည်။ ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် ကြိုက်နှစ်သက်မှုများသော ပေါ်ဆန်းမွှေးဆန်အမျိုးအစားများအနက် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာဆန်စပါးညီလာခံက ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ရွေးချယ်သတ်မှတ်ခြင်းခံရသည့် ရွှေဘိုပေါ်ဆန်းမွှေးဆန်သည် ကောင်းမွန်သော အရည်အသွေးများကို ပိုင်ဆိုင်ထားသည့် တန်ဖိုးမြင့် မြန်မာ့ပုလဲဆန်အဖြစ် ထင်ရှားလှပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း မြန်မာ့ဆန်သည် နိုင်ငံတကာဈေးကွက် အခိုင်အမာရရှိပြီးဖြစ်သည့်အပြင် ယခုထက် ပိုမိုတင်ပို့ရောင်းချနိုင်ရေး အရည်အသွေးကောင်းမွန်၍ ဂုဏ်သတင်းရှိပြီးဖြစ်သည့် ပေါ်ဆန်းမွှေးဆန်ရောင်းအားမြှင့်တင်ရန်လိုကြောင်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် လမ်းညွှန်မှာကြားထားပါသည်။

ပေါ်ဆန်းမွှေးဆန်သည် မြန်မာနိုင်ငံအတွင်း ပြည်တွင်းကြိုက်နှစ်သက်မှု၊ စားသုံးမှုနှင့် ဝယ်လိုအားများသည့်အတွက် ပြည်တွင်းစားရေရိက္ခာဖူလုံရေးကို အာမခံနိုင်စေရန် ချမှတ်ထားသောမူဝါဒများသည် ပြည်ပတင်ပို့နိုင်စွမ်းအပေါ် သက်ရောက်မှုများရှိနိုင်ပါသည်။ ထို့ကြောင့် ပေါ်ဆန်းမွှေးဆန်များ ပြည်တွင်းစားသုံးမှုဖူလုံရေး လိုအပ်ချက်နှင့် ပြည်ပတင်ပို့မှုတိုးမြှင့်နိုင်ရေး ရည်မှန်းချက်တို့ကို ချိန်ခွင်လျှာညှိရန်မှာ အရေးကြီးသော မူဝါဒဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

သုတေသန လေ့လာတွေ့ရှိချက်များအရ မြန်မာ့ပေါ်ဆန်းမွှေးဆန်၏ ဈေးနှုန်းသည် ရာသီဥတု၊ ထုတ်လုပ်မှုနှင့် ဈေးကွက်ဝယ်လိုအားပေါ်တွင် မူတည်၍ပြောင်းလဲမှုများရှိရာ ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရရှိစေရန် ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ပြီး ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**အထွက်နှုန်းနှင့် အရည်အသွေးတို့ကို မြှင့်တင်**

မြန်မာ့ပေါ်ဆန်းမွှေးဆန်၏ အရည်အသွေးကို တစ်သမတ်တည်း ထိန်းသိမ်းထားနိုင်ရန်နှင့် အရည်အသွေးမြှင့်တင်ရန် ဆီလျော်ကောင်းမွန်သော စိုက်ပျိုးနည်းစနစ်များနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးပြုမှု နည်းစနစ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြစ်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့ကိုအသုံးပြုခြင်း၊ သင့်လျော်သော သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် ဓာတုဆေးများ အသုံးပြုခြင်းနှင့် ရေသွင်းရေထုတ်စနစ်များအသုံးပြုခြင်းတို့သည် ပေါ်ဆန်းမွှေး၏ အထွက်နှုန်းနှင့် အရည်အသွေးတို့ကို မြှင့်တင်ပေးနိုင်ပါသည်။

ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ပြီး ရောဂါဒဏ်ခံနိုင်သော ပေါ်ဆန်းမွှေးစပါးမျိုးများကို စိုက်ပျိုးရေးဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကဌာနများ၊ အဖွဲ့အစည်းများက စဉ်ဆက်မပြတ် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်ကလည်း စိုက်ပျိုးရေးပစ္စည်းများ (ဓာတ်မြေဩဇာ၊ မျိုးစေ့များ) ထောက်ပံ့ပေးခြင်းနှင့် တောင်သူများအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ် ငွေကြေးအထောက်အပံ့ရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(စိုက်ပျိုးစီးပွားပညာဌာန)မှလေ့လာထားသောသုတေသနများအရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ဖျာပုံမြို့နယ်တို့မှထွက်ရှိသော ဧရာဝတီပေါ်ဆန်းနှင့် ဖျာပုံပေါ်ဆန်းစပါးမျိုးတို့သည် ၂၀၀၈ ခုနှစ်တွင် တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၄၀ ရရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်မှထွက်ရှိသော ရွှေဘိုပေါ်ဆန်းစပါးသည် ၂၀၁၃ ခုနှစ်တွင် တစ်ဧကလျှင် ပျမ်းမျှ ၆၂ တင်းခန့်နှင့် ခင်ဦးမြို့နယ်မှထွက်ရှိသော ရွှေဘိုပေါ်ဆန်းစပါးသည် ၂၀၁၈ ခုနှစ်တွင် တစ်ဧကပျမ်းမျှ ၇၅ တင်းခန့် ထွက်ရှိခဲ့သည်ကို သိရှိရပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ စုစုပေါင်း စပါး စိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်ကို ရွှေဘိုပေါ်ဆန်းစပါးများ စိုက်ပျိုးခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၈၁ တင်းခန့်ထိ ထွက်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်က အထောက်အပံ့ပေးမှုများနှင့် တောင်သူများ၏ ကြိုးပမ်းမှုရလဒ်များအဖြစ် မြန်မာ့ပေါ်ဆန်းမွှေးစပါးမျိုးများ၏ အထွက်နှုန်းများ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း သိသာစွာ တိုးတက်လာနေသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ❑

❖ **ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြစ်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့ကိုအသုံးပြုခြင်း၊ သင့်လျော်သော သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် ဓာတုဆေးများ အသုံးပြုခြင်းနှင့် ရေသွင်းရေထုတ်စနစ်များအသုံးပြုခြင်းတို့သည် ပေါ်ဆန်းမွှေး၏ အထွက်နှုန်းနှင့် အရည်အသွေးတို့ကို မြှင့်တင်ပေးနိုင်**

❖ **ပြည်တွင်းထုတ်လုပ်မှုတိုးတက်လာပြီး ပြည်ပတင်ပို့ရောင်းချရာတွင်လည်း နိုင်ငံတကာဈေးကွက် ပိုမိုရရှိစေရန် မြန်မာ့ပေါ်ဆန်းမွှေးဆန်၏ ကြိတ်ခွဲမှု၊ ထုပ်ပိုးမှု၊ ဖြန့်ဖြူးမှုစနစ်များသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ဆောင်ရွက်ရမည်**



# ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ငှက်ကျားမျိုးစိတ်များ မိုးယွန်းကြီးအင်းသို့ အကောင်ရေ ၅၀၀ ခန့် ဝင်ရောက်ကျက်စား

**ရန်ကုန် မေ ၁၈**

ပဲခူးတိုင်းဒေသကြီးတွင် တည်ရှိသည့် မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ငှက်ကျားမျိုးစိတ် အကောင်ရေ ၅၀၀ ခန့် ဝင်ရောက်ကျက်စားနေကြောင်း မိုးယွန်းကြီးအင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**အုပ်စုလိုက် ဝင်ရောက်ကျက်စား**

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ကောင်းမွန်သောရေဝပ်ဒေသတစ်ခုဖြစ်ပြီး ဌာနေငှက်များနှင့် ရေပျော်ငှက်များကျက်စားရာ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ငှက်မျိုးစိတ် ၁၂ မျိုးသည် ရာသီအလိုက် ဝင်ရောက်ကျက်စားလျက်ရှိရာ အဆိုပါငှက်မျိုးစိတ်များတွင် ပါဝင်သည့် ငှက်ကျားမျိုးစိတ်များ ယခုလတွင် အုပ်စုလိုက် ဝင်ရောက်ကျက်စားနေခြင်းဖြစ်သည်။



"ဒီနှစ်မှာ မုတ်သုံစောပြီး နွေအကုန် မိုးအကူးမှာ မိုးယွန်းကြီးအင်းကို မျိုးသုဉ်းဖို့ အန္တရာယ်ရှိနေတဲ့ ငှက်ကျားကောင်ရေ ၅၀၀ နီးပါး ဝင်လာတာတွေ့ရပါတယ်။ အခုလိုတွေ့မြင်ရတာဟာ အင်းအတွက် ဝမ်းသာဂုဏ်ယူစရာပါ။ အခြားသော ရေဝပ်ဒေသတွေမှာ မရှိဘဲ မိုးယွန်းကြီးအင်းမှာပဲ တွေ့ရတာပါ။ တစ်နှစ်ပတ်လုံး ဟိုနားဒီနား သုံးလေးကောင် တွေ့ရပေမယ့် ဒီလတွေမှာ အုပ်စုလိုက် ဝင်ရောက်တာကို တွေ့ရပါတယ်။ အရှေ့တောင်အာရှဒေသရဲ့ ဌာနေငှက်မျိုးစိတ်ဖြစ်တဲ့အတွက် ကမ္ဘောဒီးယား၊ ထိုင်းနဲ့ စင်ကာပူနိုင်ငံတွေမှာ တွေ့ရပြီး ကမ္ဘာဒီးယားနိုင်ငံမှာ သားပေါက်တယ်လို့ ယူဆရပါတယ်။ အစာရေစာပေါများတဲ့ မိုးယွန်းကြီးအင်းကို အများဆုံးဝင်ရောက်တာဟာ ရေပျော်ငှက်တွေရဲ့ သဘာဝအရ အစာရေစာပေါများတဲ့ ရေဝပ်ဒေသတွေကို သိရှိထားတာကြောင့် စားကျက်မြေပေါများတဲ့ မိုးယွန်းကြီးအင်းကို ဝင်ရောက် ကျက်စားတာဟာ ဂုဏ်ယူစရာပါ။ ဒါကြောင့် ကမ္ဘာပေါ်မှာ မျိုးသုဉ်းဖို့ အန္တရာယ်ရှိနေတဲ့ ငှက်မျိုးစိတ်တွေ ဝင်ရောက်ကျက်စားတဲ့ မိုးယွန်းကြီးအင်းဘေးမဲ့တော ရေရှည်တည်တံ့ဖို့အတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားဖို့လည်း လိုပါတယ်"ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ ငှက်ကျားမျိုးစိတ်များ ဧပြီလတွင် စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ဇွန်လဆန်းပိုင်းတွင် ပြန်လည်ထွက်ခွာလေ့ရှိကြောင်း၊ နွေနှင့်မိုးရာသီစပ်ကြားကာလ၌ စပါးပင်များတွင် ကပ်နေသည့်ခရုများကို ခရုတုတ်ငှက်များက စားသုံးလေ့ရှိပြီး ရေစပ်စပ်ရှိသည့် လယ်ကွက်များ၌ ခုံးခရုများကို ငှက်ကျားမျိုးစိတ်များက စားသုံးလေ့ရှိရာ ယခုလပိုင်းတွင် ငှက်ကျားများ အုပ်လိုက် ကျရောက်ကျက်စားခြင်းသည် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏အလှကို ပိုမိုပေါ်လွင်စေလျက် တောင်သူတို့၏ စပါးခင်းများကို ဖျက်ဆီးလေ့ရှိသည့် မိုးရာသီခရုများ၏အန္တရာယ်ကိုလည်း လျော့ပါးစေလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရှင်သန်ကျက်စားသည့် ခရုတုတ်ငှက်များသည် အင်းလေးကန်တွင် သားပေါက်၍ မိုးယွန်းကြီးအင်း အပါအဝင် ရေဝပ်ဒေသများသို့ လှည့်လည် ကျက်စားလေ့ရှိပြီး ငှက်ကြီးဝန်ပို မျိုးစိတ်သည် ဩဂုတ်လမှ စက်တင်ဘာလအထိ မိုးယွန်းကြီးအင်းအတွင်း ကျက်စားလေ့ရှိ၍ ငှက်ကျားမျိုးစိတ်သည် အင်းလေးကန်နှင့် အင်းတော်ကြီးကန်တွင် ကျက်စားလေ့မရှိဘဲ မိုးယွန်းကြီးအင်းသို့ ဝင်ရောက် ကျက်စားလေ့ရှိကြောင်း သိရသည်။ ငှက်ကျားမျိုးစိတ်သည် ဥရောပတိုက်တွင် စပိန်၊ ဆွီဒင်၊ ဒိန်းမတ်၊ ဂရိ၊ ဟော်လန်နိုင်ငံတို့တွင် ကျက်စားလေ့ရှိပြီး အိန္ဒိယနိုင်ငံနှင့် အာဖရိကတိုက်တွင်လည်း ကျက်စားလေ့ရှိ၍ အာရှတိုက်တွင် မြန်မာနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသတစ်ခုဖြစ်သော မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ အုပ်စုလိုက် ဝင်ရောက် ကျက်စားလေ့ရှိကြောင်း သိရသည်။

**သတင်း-သစ္စာ(MNA)**

**ဓာတ်ပုံ - ဇွဲမာန်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၁၈**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ ဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မတ် ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❑ စာမျက်နှာ ၁၀ မှ

ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာပြီး ပြည်ပတင်ပို့ရောင်းချရာတွင်လည်း နိုင်ငံတကာဈေးကွက်ပိုမိုရရှိစေရန် မြန်မာ့ပေါ်ဆန်းမွှေးဆန်၏ ကြိတ်ခွဲမှု၊ ထုပ်ပိုးမှု၊ ဖြန့်ဖြူးမှုစနစ်များသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လေ့လာထားသော သုတေသနများအရ မြန်မာ့ပေါ်ဆန်းမွှေးဆန်များ ပြည်ပတင်ပို့ရန်အတွက် ဆန်စပါးတန်ဖိုး ကွင်းဆက်တစ်လျှောက် ပါဝင်သူများသည် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ဆန်စက်များ၊ နည်းပညာများဖြင့် ကြိတ်ခွဲသန့်စင်ခြင်း၊ အရောင်တင်ခြင်းနှင့် ခေတ်မီထုပ်ပိုးနည်းစနစ်များ ပြောင်းလဲလုပ်ကိုင်လာကြသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် အရည်အသွေးအသိအမှတ်ပြုလက်မှတ်နှင့် အမှတ်တံဆိပ်များ ပိုမိုအားကောင်းစေရန်အတွက် ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအနက် ရွှေဘိုပေါ်ဆန်းအပါအဝင် မြန်မာ့ပေါ်ဆန်းမွှေးဆန်များကို ပထဝီဒေသဆိုင်ရာ အညွှန်းကိန်း (Geographical Indication – GI) ရရှိရေးအတွက် ဌာနဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ GI များရရှိပါက စိုက်ပျိုးထုတ်လုပ်သူတောင်သူများမှသည် ပြည်ပတင်ပို့ရောင်းချသူများအထိ တန်ဖိုးကွင်းဆက်တစ်လျှောက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည့်အပြင် ပြည်ပဈေးကွက်များသို့ တင်ပို့မှုမြှင့်တင်နိုင်ရန်အတွက် အခြေခံကောင်းများ ရရှိလာမည်ဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချခြင်းမပြုမီ ကြိတ်ခွဲရရှိလာသော ပေါ်ဆန်းဆန်များကို ခေတ်မီသိုလှောင်ရုံများအသုံးပြု၍ သိုလှောင်ခြင်း၊ တင်ပို့ရောင်းချရာလမ်းကြောင်းများတစ်လျှောက် ပို့ဆောင်ရေးကွန်ရက်များတွင် အရေးပါသည့် လမ်းများ၊ တံတားများ၊ ဆိပ်ကမ်းများနှင့် ပို့ဆောင်ရေးဝန်ဆောင်မှုများစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့ပေါ်ဆန်းမွှေးဆန် ဝယ်ယူသည့်နိုင်ငံများ**

အာရှဈေးကွက်တွင် တရုတ်၊ စင်ကာပူ၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများနှင့် ဥရောပဈေးကွက်တွင် အီတလီ၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့သည် မြန်မာ့ပေါ်ဆန်းမွှေးဆန်ကို အဓိကဝယ်ယူသောနိုင်ငံများဖြစ်ပါသည်။ အမေရိကန်နိုင်ငံနှင့် အာဖရိကဈေးကွက်ဖြစ်သော တောင်အာဖရိကနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့သည်လည်း မြန်မာ့ပေါ်ဆန်းမွှေးဆန် ဝယ်ယူသည့်နိုင်ငံများဖြစ်လာပါသည်။

ပေါ်ဆန်းမွှေးဆန်၏ ပြည်ပဈေးကွက်ကို ချဲ့ထွင်ရန်အတွက် အာရှ၊ ဥရောပ၊ အမေရိကနှင့် အာဖရိကဈေးကွက်များကို ပိုမိုအာရုံစိုက်ရန် လိုအပ်ပါသည်။ ပေါ်ဆန်းမွှေးဆန် စိုက်ပျိုးထုတ်လုပ်သူများနှင့် ပြည်ပတင်ပို့သူများအကြား ချိတ်ဆက်မှုများ လွယ်ကူချောမွေ့ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ဈေးကွက်ဆိုင်ရာနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ အခြေအနေများကို ဆန်းစစ်လေ့လာသော သုတေသနများ စဉ်ဆက်မပြတ် လုပ်ဆောင်နေရန်လည်း အရေးကြီးလှပါသည်။

ထို့ပြင် တင်ပို့ရောင်းချလိုသည့် နိုင်ငံများ၏ သွင်းကုန်မူဝါဒများ၊ အခွန်များ၊ ခွဲတမ်းများနှင့် အခြားကုန်သွယ်ရေး အတားအဆီးများသည် မြန်မာ့ပေါ်ဆန်းမွှေးဆန်၏ ပြည်ပတင်ပို့နိုင်စွမ်းအပေါ် များစွာလွှမ်းမိုးနိုင်ပါသည်။ ထို့ကြောင့် မြန်မာ့ပေါ်ဆန်းမွှေးဆန်အတွက် ပြည်ပဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရန် မြန်မာ့ပို့ကုန် မဟာဗျူဟာ၊ ပြည်ပတင်ပို့ခွင့်လိုင်စင်နှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာမူဝါဒများ အရေးကြီးသကဲ့သို့ ကုန်သွယ်ဖက်နိုင်ငံများနှင့် အားသာသော ကုန်သွယ်ရေးသဘောတူညီချက်များ ညှိနှိုင်းရရှိရန် တာဝန်ရှိသူများ၏ကြိုးပမ်းမှုများသည်လည်း အရေးပါလှပါသည်။

မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် ကြိုက်နှစ်သက်မှုများသည့်အပြင် မူလပင်ကို အရည်အသွေးအားသာချက်ရှိကြောင်း သုတေသနများစွာက ဖော်ပြထားပြီးဖြစ်ရာ ထိုအားသာချက်ကိုအခြေပြု၍ ဈေးကွက်အလားအလာ အမြင့်ဆုံးရရှိစေရန် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိရေးနှင့် ပြည်ပဈေးကွက် တိုးမြှင့်ရရှိနိုင်ရေးတို့အတွက် ထုတ်လုပ်မှု၊ အရည်အသွေး၊ ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံတို့ကို ကိုင်တွယ်ဖြေရှင်းသော ဘက်စုံချဉ်းကပ်မှုများ ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာခြင်း၊ အရည်အသွေးထိန်းချုပ်နိုင်ခြင်း၊ ဈေးကွက်အလားအလာများရှိခြင်းနှင့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာခြင်းသည် မြန်မာ့ပေါ်ဆန်းမွှေးဆန်၏ ပြည်ပတင်ပို့နိုင်စွမ်းကို မြှင့်တင်ရန်အတွက် အရေးကြီးပါသည်။ ထို့ပြင် အစိုးရ၏ ထိရောက်သော မူဝါဒများဖြင့်လည်း မြန်မာ့ပေါ်ဆန်းမွှေးဆန် ပြည်ပတင်ပို့မှုအတွက် အထောက်အကူဖြစ်စေသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရမည် ဖြစ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသော မြန်မာ့ပေါ်ဆန်းမွှေးဆန်၏ ရှေ့အလားအလာများ ယခုထက်ပိုမိုတိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ။



## မြောက်ဥက္ကလာပမြို့နယ်၌ ဗီယက်နမ်နိုင်ငံမှ သာသနာပြုဆရာတော်ကြီးအား အမှူးထား၍ ထမင်းဘူးများလှူဒါန်း

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စံပြ(ဂ)ရပ်ကွက် ဥက္ကာ(၂)လမ်း ဝါတွင်းအင်္ဂါပါတ်မြတ်ဒါနသာသနာ့ဗိမာန်၌ ဗီယက်နမ်နိုင်ငံမှ သာသနာပြုဆရာတော်ကြီးအား အမှူးထား၍ ယနေ့ ညနေ ၄ နာရီက အဆိုပါသာသနာ့ဗိမာန်ရှေ့၌ ထမင်းဘူးများ လှူဒါန်းဖြန့်ဝေပေးကြသည်။

ထိုသို့ ထမင်းဘူးများလှူဒါန်းဖြန့်ဝေပေးရာတွင် ဗီယက်နမ်နိုင်ငံမှ သာသနာပြုဆရာတော်ကြီးအား အမှူးထား၍ အလှူရှင်များဖြစ်သော ဦးညွန့်ရွှေ၊ ဒေါ်ခိုင်ခိုင်ဝင်း၊ ဒေါ်မြင့်မြင့်စိုးမိသားစု၊ ဒေါ်မော်မော်မြင့်နှင့် မြတ်ဒါနဓမ္မာရုံဂေါပကအဖွဲ့တို့က စုပေါင်း၍ လူဦးရေ ၃၀၀ အတွက် ကြက်သားဆီပြန်နှင့် အစိမ်းကြော်ထမင်းဘူး၊ လူဦးရေ ၁၀၀ အတွက် ဆန်လေးဘူးပါ တစ်ထုပ်စီ၊ လူဦးရေ ၈၀ အတွက် ကြက်ဥငါးလုံးပါ တစ်ထုပ်စီ စုစုပေါင်းလူဦးရေ ၄၈၀ အတွက် လှူဒါန်းဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ကွန်ပျူတာနည်းပညာပစ္စည်းများပြပွဲ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသ

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတို့ပူးပေါင်းကျင်းပသည့် ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ကွန်ပျူတာနည်းပညာပစ္စည်းများပြပွဲကို မေ ၁၆ ရက်မှ ၁၈ ရက်အထိ မရမ်းကုန်းမြို့နယ် အင်းယားလိပ်ဟိုတယ်ဝင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပသည်။

**ခေတ်မီပြခန်းများဖြင့်ပြသ**

ယင်းပြပွဲတွင် ကုမ္ပဏီပေါင်း ၄၆ ခုမှ ပြခန်းပေါင်း ၁၃၅ ခန်းပါဝင်ပြသပြီး Digital Printing နှင့် Signage လုပ်ငန်းသုံး နောက်ဆုံးပေါ်စက်ပစ္စည်းများနှင့် နည်းပညာများဖြစ်သည့် Large Format DTF Printer၊ UV Printer၊ Laser Machine၊ Fiber Machine၊ Bending Machine၊ Display နှင့် Lighting Equipment များအပါအဝင် Digital Printing နှင့် Signage ကဏ္ဍအတွက် လိုအပ်သောပစ္စည်းများကို ခေတ်မီပြခန်းများဖြင့် ပြသခဲ့ကြောင်း သိရသည်။

ICT မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ Mobile နည်းပညာများ၊ ဆော့ဖ်ဝဲများ၊ Payment Solutions များ၊လုံခြုံရေးစနစ်များ၊ နည်းပညာဆိုင်ရာသင်တန်းများနှင့် နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ အစရှိသည်တို့ကိုလည်း ပြသထားသည်။

အဆိုပါပြပွဲကို စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် အများပြည်သူတို့အနေဖြင့် ခေတ်မီ Digital Printing နှင့် Signage လုပ်ငန်းသုံးပစ္စည်းများ၊ ICT နှင့်သက်ဆိုင်သော ထုတ်ကုန်များနှင့် နည်းပညာမျိုးစုံကို တစ်နေရာတည်းတွင် အဆင်ပြေလွယ်ကူစွာ လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။




**မျိုးမင်းသူရ**

## မိုးစပါးပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး သမဝါယမအသင်းသားတောင်သူများသို့ စိုက်ပျိုးရေးအသိပညာပေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၁၈

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါး စိုက်ပျိုးထုတ်ရာတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးအတွက် ပျဉ်းမနားမြို့နယ် ပြူတွင်းကျေးရွာရှိ ဓမ္မာရုံ၌ သမဝါယမအသင်း လေးသင်းမှ အသင်းသားတောင်သူ ၃၁ ဦး၊ ဌာနဝန်ထမ်း ၁၅ ဦး၊ မြောက်လွတ်ကုန်းကျေးရွာရှိဓမ္မာရုံ၌ သမဝါယမအသင်းသုံးသင်းမှ အသင်းသားတောင်သူ ၄၀ တို့အား မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့် တက်ရောက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး၊ စားရေရိက္ခာ ဖူလုံစေရေးတို့အတွက် စိုက်ပျိုးသောသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရန် "မျိုး၊ မြေ၊ ရေ၊ နည်း" မှန်ကန်စွာဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တောင်သူအသိပညာပေးပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးနည်းပညာများကို ဆွေးနွေးပေးခြင်း၊ AI Application နည်းပညာဆော့ဖ်ဝဲကို တက်ရောက်လာသည့် အသင်းသားတောင်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးခြင်းနှင့် အသုံးပြုပုံများကို ရှင်းလင်းပြောကြားဆောင်ရွက်ပေးခဲ့ပြီး သမဝါယမအသင်းသား တောင်သူများကလည်း ၎င်းတို့၏လုပ်ငန်းအတွေ့အကြုံများ၊ သိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးက ငကောင်းကံကျေးရွာ ငကောင်းကံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း သမဝါယမအသင်းသား ဦးကျော်လွင်၏ အောင်နိုင်တိုးစပါးမျိုး စိုက်ဧက ၁၀ ဧက နွေစပါးစိုက်ပျိုးထားရှိမှုအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်မရောမြို့နယ်၌ (၂၁)ကြိမ်မြောက် မြို့နယ်လုံးကျွတ် မွန်စာပေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ကျင်းပ

ကျိုက်မရော မေ ၁၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော (၂၁)ကြိမ်မြောက် မြို့နယ်လုံးကျွတ် မွန်စာပေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက် ဒက္ခိဏာရာမသာသနာ့ဗိမ္ပာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ မြို့နယ်လုံးကျွတ် မွန်စာပေနှင့် ယဉ်ကျေးမှုစာမေးပွဲကို မြို့နယ်မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဆရာတော်ကြီးဖြစ်သော ကော့ပနော‌ကျေးရွာ သုမနာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမန ကြီးကြပ်တော်မူကာ အဖွဲ့ဝင်ဆရာတော်များနှင့် မွန်စာပေနှင့်ယဉ်ကျေးမှုဥက္ကဋ္ဌ နိုင်ထွန်းကြည်တို့က စာမေးပွဲကို ဦးဆောင်ကျင်းပသည်။

စာမေးပွဲတွင် မွန်စာပေ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်းနှင့် ပဉ္စမတန်း အတန်းငါးခုရှိပြီး ဖြေဆိုမည့်ဘာသာရပ်များမှာ အဘိဓမ္မာ၊ ဟံသာဝတီသမိုင်း၊ မုတ္တမသမိုင်း၊ သုဝဏ္ဏဘူမိသမိုင်း၊ မွန်စာပေသမိုင်းနှင့် မွန်ရိုးရာဓလေ့ဘာသာရပ် ခြောက်ခုတို့ကို ဖြေဆိုရမည်ဖြစ်ပြီး အဆိုပါစာမေးပွဲသို့ ကျိုက်မရောမြို့နယ်အတွင်းရှိ ကျေးရွာများမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ စုစုပေါင်း ၇၂၂ ဦးတို့ လာရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**



## မုဒုံမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

မုဒုံ မေ ၁၈

မွန်ပြည်နယ် မုဒုံမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောက်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များနှင့် စာသင်ကျောင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းကို မုဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူလူထုများ ပူးပေါင်း၍ ခြင်မှတစ်ဆင့်ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်း၊ မသွန်နိုင်မလှယ်နိုင်သော ရေကန်များ၊ ကျောက်စည်များနှင့် ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ပေးခြင်း၊ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

# ဂါဇာဒေသတွင် တိုက်ခိုက်မှုများရပ်တန့်ရန် အာရပ်နိုင်ငံများမှခေါင်းဆောင်များ တောင်းဆို

ဘဂ္ဂဒက် မေ ၁၈

ဂါဇာဒေသတွင် တိုက်ခိုက်မှုများ ရပ်တန့်ရန်နှင့် ဂါဇာဒေသမှ ပါလက်စတိုင်းများအား အင်အားသုံး ရွှေ့ပြောင်းမည့်ကိစ္စကို လက်မခံကြောင်း အာရပ်နိုင်ငံများမှ ခေါင်းဆောင်များက မေ ၁၇ ရက်တွင် ပြောကြားသည်။



အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ကျင်းပသည့် (၃၄)ကြိမ်မြောက် အာရပ်အဖွဲ့ချုပ် ထိပ်သီးဆွေးနွေးပွဲတွင် ထုတ်ပြန်သည့် ကြေညာချက်တွင် အာရပ်နိုင်ငံ ၂၂ နိုင်ငံမှ ခေါင်းဆောင်များက အထက်ပါ အချက်များကို ထည့်သွင်း ကြေညာခဲ့ခြင်းဖြစ်သည်။ ဂါဇာဒေသတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးပြီးစီးစေရေးနှင့် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်ခွင့်ပြုရေး အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် သက်ဆိုင်ရာနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့က တောင်းဆိုခဲ့ကြသည်။

ဂါဇာဒေသမှ ပါလက်စတိုင်းများအား အင်အားသုံး၍ ရွှေ့ပြောင်းစေခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်း ဖြစ်ကြောင်း အာရပ်နိုင်ငံများမှ ခေါင်းဆောင်များက ပြောကြားသည်။

ထို့ပြင် ဂါဇာဒေသ ပြန်လည်တည်ထောင်ရေးအတွက် နိုင်ငံရေး၊ ငွေကြေးနှင့် ဥပဒေစည်းမျဉ်းများဖြင့် ပံ့ပိုးပေးကြရန် ကမ္ဘာ့နိုင်ငံများအား တောင်းဆိုခဲ့ပြီး ဂါဇာဒေသ ပြန်လည်တည်ထောင်ရေးရန်ပုံငွေသတ်မှတ်ခဲ့သည့် အီရတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်း အာရပ်နိုင်ငံများမှ ခေါင်းဆောင်များက ပြောကြားသည်။ ပါလက်စတိုင်းများ၏ ရပိုင်ခွင့်များကို အသိအမှတ်ပြုကြောင်းနှင့် အစ္စရေး၏ ပါလက်စတိုင်းများအပေါ် အနိုင်ယူနေသည့် ဆောင်ရွက်ချက်များကို ရှုတ်ချကြောင်း ၎င်းတို့က ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးညီလာခံ ကျင်းပရန်နှင့် နှစ်ပြည်ထောင် ဖြေရှင်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရပ်ခေါင်းဆောင်များက ပါလက်စတိုင်းသမ္မတ မာမွတ် အဘတ်စ်အား တောင်းဆိုခဲ့သည်။ ထို့ပြင် အာရပ်နိုင်ငံများတွင် ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကို ရှုတ်ချကြောင်း ၎င်းတို့ကပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ပြည်သူ ၂၉၅ သန်းကျော် အစာရေစာပြတ်လပ်ခဲ့ရ

ကုလသမဂ္ဂ မေ ၁၈

ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများက ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ပြည်သူ ၂၉၅ သန်းကျော်သည် အစာရေစာပြတ်လပ်မှုကို ကြုံတွေ့ခဲ့ရပြီး ယင်းသည် စံချိန်တင်အမြင့်ဆုံး အရေအတွက် ဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် အခြားနိုင်ငံတကာအဖွဲ့များက မေ ၁၆ ရက်တွင် ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းများဆိုင်ရာ အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ကြောင်း သိရသည်။

၂၉၅ ဒသမ ၃ သန်းသည် ၂၀၂၄ ခုနှစ်တွင်အစားအစာမလုံလောက်မှု အဆင့်ငါးဆင့်အနက် ပြင်းထန်သောအစားအစာ မလုံလောက်မှု အဆင့်(၃) သို့မဟုတ် (၃)နှင့် အထက်ကြုံတွေ့ခဲ့ရသည်။ အဆိုပါ အရေအတွက်သည် ယခင်နှစ်က ထက် ၁၃ သန်းကျော် တိုးလာပြီး ခြောက်နှစ်ဆက်တိုက် တိုးလာခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတို့အနက် ပြည်သူ ၁ ဒသမ ၉၅ သန်းခန့်သည် အစားအစာ မလုံလောက်မှု၏အမြင့်ဆုံးအဆင့်ကို ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ ၎င်းသည် ယခင်နှစ်က မှတ်တမ်းတင်ထားသော ကိန်းဂဏန်းထက် နှစ်ဆပိုများသည်။ ၎င်းတို့အနက် ၉၅ ရာခိုင်နှုန်းသည် ဂါဇာကမ်းမြောင်နှင့် ဆူဒန်နိုင်ငံတို့မှ ဖြစ်သည်။

နိုင်ငံပေါင်း ၂၀ ၌ ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်း ပဋိပက္ခနှင့် ပြင်းထန်သော ရာသီဥတုဆိုးရွားမှုတို့သည် စားနပ်ရိက္ခာပြတ်လပ်မှု၏ အဓိကအကြောင်းရင်းများ ဖြစ်ကြောင်း အစီရင်ခံစာတွင် ကိုးကားဖော်ပြသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေများ သိသိသာသာ လျော့ကျခြင်းသည် ငတ်မွတ်ခေါင်းပါးမှုအကျပ်အတည်းကို ပိုမိုတိုးလာစေကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်





# ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်၌ မော်ရိုကိုသံရုံး ပြန်လည်ဖွင့်လှစ်မည်

ရာဘတ် မေ ၁၈

မော်ရိုကိုဘုရင် မိုဟာမက်(၆)သည် ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်၌ မော်ရိုကိုသံရုံးကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ယမန်နေ့တွင် ကြေညာသည်။

ဖတ်ကြား

အီရတ်နိုင်ငံ ဘဂ္ဂဒက်၌ ကျင်းပလျက်ရှိသည့် (၃၄)ကြိမ်မြောက် အာရပ်အဖွဲ့ချုပ် ထိပ်သီးဆွေးနွေးပွဲတွင် မော်ရိုကို နိုင်ငံခြားရေးဝန်ကြီး နာဆာဘော်ရီတာက မော်ရိုကိုဘုရင် မိုဟာမက်(၆)၏ ကြေညာချက်ကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

သံရုံးပြန်လည်ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံ ပြည်သူများအကြား သမိုင်းဝင် နှစ်နိုင်ငံဆက်ဆံရေးအတွက် ပိုမိုကျယ်ပြန့်သည့် အလားအလာကို ဖွင့်လှစ်ပေးရာ ရောက်ကြောင်း ၎င်းက ပြောကြားသည်။

မော်ရိုကိုနိုင်ငံသည် ပြည်တွင်းပဋိပက္ခများ စတင်ဖြစ်ပွားပြီးနောက် ၂၀၁၂ ခုနှစ်တွင် ဒမတ်စကတ်ရှိ ၎င်း၏သံရုံးကို ပိတ်ခဲ့သည်။

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်ရှိ မော်ရိုကိုသံရုံးကို ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ချက်ကို ကြိုဆိုပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း မော်ရိုကို နိုင်ငံခြားရေးဝန်ကြီး နာဆာဘော်ရီတာနှင့် ဆွေးနွေးပြီးနောက် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အာဆတ်အယ်လ်ရှိုင်ဘာနီက ပြောကြားသည်။

သံရုံးပြန်လည်ဖွင့်လှစ်ခြင်းအတွက် ပြင်ဆင်မှုများကို အကဲဖြတ်ရန် မော်ရိုကိုကိုယ်စားလှယ်အဖွဲ့သည် လာမည့်သီတင်းပတ်တွင် ဆီးရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်နိုင်ငံရှိ ဘရွတ်ကလင်းတံတားအား မက္ကဆီကို ရေတပ်သင်္ဘောတိုက်မိ

နယူးယောက် မေ ၁၈

အမေရိကန်နိုင်ငံ နယူးယောက်မြို့ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် မက္ကဆီကို ရေတပ်သင်္ဘောတစ်စင်းသည် မေ ၁၇ ရက်က ဘရွတ်ကလင်းတံတားအား ၎င်း၏ရွက်တိုင်များဖြင့် တိုက်မိသဖြင့် နှစ်ဦး သေဆုံးပြီး ၁၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း နယူးယောက်မြို့တော်ဝန် အဲရစ်အက်ဒမ်က ပြောကြားသည်။

ပြောကြား

၎င်းရေတပ်သင်္ဘော၏ အမည်မှာ Cuauhtemoc ဖြစ်ကြောင်းနှင့် သင်္ဘောပေါ်တွင် ၂၇၇ ဦး လိုက်ပါလာကြောင်း သိရသည်။ ဒဏ်ရာရရှိသူ လေးဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

၁၄၇ ပေမြင့်သည့် အဆိုပါ သင်္ဘော၏ ရွက်တိုင်များကြောင့် တံတားနှင့် မလွတ်ကင်းဘဲ ယခုဖြစ်စဉ် ဖြစ်ပွားခြင်းဖြစ်ကြောင်း ဆိုရှယ်မီဒီယာရုပ်သံဖိုင်မှတစ်ဆင့် သိရသည်။ ၎င်းသင်္ဘောသည် လာမည့်နှစ် ဇူလိုင်လတွင် ကျင်းပမည့် အမေရိကန်၏ နှစ်(၂၅၀)ပြည့် လွတ်လပ်ရေးနေ့တွင်လည်း အခမ်းအနားတက်ရောက်ရန် ပြင်ဆင်ထားသည်။

၎င်းဖြစ်စဉ်ကြောင့် ဒေသခံများအား ဘရွတ်ကလင်းတံတားအနီးသို့သွားရောက်ခြင်းမှ ရှောင်ရှားရန် ရဲတပ်ဖွဲ့က ညွှန်ကြားခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ



# တရားမဝင်သစ်မျိုးစုံ၊ Moissanite စိန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

မေ ၁၆ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာခုနစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၆၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Myanmar National Airlines လေယာဉ်ခရီးစဉ်အမှတ် MU–2031/ SF–4704 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့လိုက်ပါလာသည့် တရုတ်နိုင်ငံသား ခရီးသည်တစ်ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော (Moissanite) အဖြူရောင်ကျောက်အပွင့်ဆိုဒ်စုံ ၆၄၅ ပွင့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၁၅၀၀၀၀) ကိုလည်းကောင်း၊ မေ ၁၇ ရက်တွင် အမှတ်(၂)လမ်းမကြီး စီးပွားရေးတက္ကသိုလ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၀၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေးလမ်းဟောင်း အင်းတကော်တာဆုံအနီး Max ဆီဆိုင်ရှေ့၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ngwe Kyair Sin Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၁၃၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။




အေးရှားဝေါလ်ဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

၃၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဆိပ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းငါးမျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၈၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်အနီး၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)ကို လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၄၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၃၄၀)ကို သိမ်းဆည်း ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၆၂၇၇၃၄၀)ကို သိမ်းဆည်း ရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင် နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်း များ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှု များအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၈

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့ အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ် နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရား များ ပျက်ပြားစေရန် ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့် အညီ ထိရောက်စွာအရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူ များသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မေ ၁၆ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "U Soe Win" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေး မြို့နယ် ကံသာကျေးရွာနေ နေစိုးဝင်းအား ညနေ ၆ နာရီခွဲတွင် လယ်ဝေးမြို့မရဲစခန်း၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက် ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၅-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'ပြည်တွင်းထုတ်ကုန်အားဖြင့် လူမှုဘဝမြင့်မား စေရမည်'
- ၀၉:၁၀ 'မြန်မာချစ်တဲ့မုန့်ဟင်းခါး'
- ၁၁:၂၅ ကြွေလည်းဝေမြဲ တမ်းတဆဲ 'ထိပ်တက်ဖူးက စိန်ကျောက်မျက်' (စိုင်းထီးဆိုင်)(အပိုင်း–၁)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ကိုရီးယား) '**ပုသားနောက်ကွယ်**' (**အပိုင်း – ၁**)
- ၁၃:၃၀ MRTV National News
- ၁၄:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) '**လေနှင်ရာခရီး**' (**အပိုင်း – ၂၉**)
- ၁၅:၁၀ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၅:၃၅ မျိုးဝက်တင့်စေဆိုကရေးတီအမွေ
- ၁၆:၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၀ This Week's Special Interest
- ၁၇:၄၅ လေ့လာစရာစုံလင် အပိမြန်ပြည်တစ်ခွင် 'ယဉ်ကျေးမှုနှင့် သမိုင်းတို့ရှိရာ'
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၅၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) '**တော်ဝင်စားပွဲ**' (အပိုင်း–၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) '**လူစွမ်းကောင်းများခေတ်**' (အပိုင်း–၂၂)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Myat Hsu Mon
- 07:05 Let's go to Hlawga Nature Park
- 07:27 Traditional Myanmar Theatrical Performance: Choral Dance Dedicating to Elegant Nat (Ma Ngwe Taung)
- 07:41 Pauk Thit Basketry Village
- 08:01 News
- 08:26 Global Updates; Cosmic Dust
- 08:38 Htan Taw Drums (Part-II) "Dobat"
- 09:01 Bravocado Benefits
- 09:23 San Lin Tun (Winner) Lose2Win with Andy Season 2
- 09:39 Mon Traditional Dishes
- 09:49 Zadetgyi Island

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၃၀ တိုင်းရင်းသားသီချင်း၊ အက (ကယား)
- ၀၇:၀၀ မြန်မာသံစဉ်တေးများ
- ၀၇:၂၅ မြန်မာဇာတ်လမ်းတွဲ '**အငေ့တန်ဖိုး**' (အပိုင်း–၂)
- ၀၇:၅၅ 'K Music Show' တေးဂီတဖျော်ဖြေပွဲ
- ၀၉:၁၀ နိုင်ငံခြားသံစဉ်တေးများ
- ၀၉:၂၀ ကာတွန်း 'ပိုးကောင်ကြီးညယျာဉ်စွန့်စားခန်း' အပိုင်း(၄)
- ၀၉:၄၀ စတီရီယိုတေးများ
- ၁၀:၀၀ မြန်မာရုပ်ရှင် (ဖြူမည်း) '**ဇာတ်လမ်းကတော့မသန်း**'

### MRTV NRC

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ကယားဘာသာစကားပြောကြရအောင်(အပိုင်း–၂၁)
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** သံပုရာသီးနှင့်ကျန်းမာရေး
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ကရင်စာပေသင်ကြားရအောင်(အပိုင်း–၁)
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** အံ့ဩဖွယ်ရာ ပဒုံဂူမြေမှာ
- **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** ချင်းအမျိုးသားပန်းတောင်ဇလပ်
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** ချင်းရိုးရာဆေးအိုးဆေးတံအကြောင်း
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** ထန်းပင်ပေါ်က တို့ဖေဖေ
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** မျိုးဝက်တင့်စေယဉ်ကျေးမှုအမွေ(အပိုင်း–၁)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း–၂)
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** 'ဝ' ဘာသာစကားပြောကြရအောင် (တိရိစ္ဆာန်အခေါ်အဝေါ်)
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ယုန်ကပတိုးဗိုက်ကတိုး**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**ဗီယက်နမ်နိုင်ငံ**'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**ကိုရီးယားနိုင်ငံ**'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၆၄)

### MRTV FARMERS' HD Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာ ယူရီးယားမြေဩဇာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ How Texas Farmers Use 127 Million Acres Of Farmland- American Farming Documentary
- ၁၈:၄၅ License to Farm
- ၂၀:၀၀ သူကိုမှ(ဇာတ်လမ်း)
- ၂၂:၀၀ Holidate (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD Channel

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၂၂:၀၀ Rooney

Scan Here MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

## လှိုင်းဘွဲ့မြို့၌ အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့် ဆွေးနွေးပွဲကျင်းပ

**လှိုင်းဘွဲ့ မေ ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့ အခြေခံ ပညာအထက်တန်းကျောင်း ပန်း၀တ်မှုံခန်းမ၌ ကျင်းပသည်။



**သင်ကြားပို့ချ**

အဆိုပါ အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့် ဆွေးနွေးပွဲကို အခြေခံပညာ အထက်တန်းကျောင်း၌ ဦးဆောင်ဆွေးနွေးသူ နည်းပြ ဆရာ ဆရာမ ၂၈ ဦးနှင့် ဆွေးနွေးကြမည့် ဆရာ ဆရာမ ၄၂၃ ဦးတို့ဖြင့် မူလတန်းအဆင့် KG တန်းမှ Grade-4 အထိ အတန်းလိုက် သင်ကြားပို့ချမည့် ဘာသာရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ အလားတူ အခြေခံပညာ အလယ်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့် ဆွေးနွေးပွဲကို လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဦးဆောင်ဆွေးနွေးသူ နည်းပြဆရာ ဆရာမ ၁၂ ဦး၊ ဆွေးနွေးကြမည့် ဆရာ ဆရာမ ၁၄၅ ဦးတို့ဖြင့် Grade-6 မှ Grade-9 အထိ သင်ကြားပို့ချမည့် ဘာသာရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စောဒိ( ပြန်/ဆက်)**

## ကြံခင်းမြို့၌ ဆရာ ဆရာမများအား ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း သင်ကြားပို့ချလျက်ရှိ

**ကြံခင်း မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် လုပ်သက် ၁၀ နှစ်အောက် ဆရာ ဆရာမများအား ဘာသာရပ် စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက်ပိုင်းက စတင်သင်ကြား ပို့ချလျက်ရှိသည်။

အဆိုပါ စွမ်းရည်မြှင့်သင်တန်းတွင် ကြံခင်းမြို့နယ်အတွင်းရှိ လုပ်သက်၁၀ နှစ်အောက်မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ဆရာ ဆရာမများက တက်ရောက်သင်ကြားလျက်ရှိသည်။ ထိုသို့ သင်ကြားနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ခရိုင်ပညာရေးမှူး ဦးမြင့်အောင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဌေးဌေးတို့က လှည့်လည်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဘာသာရပ်ဆွေးနွေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းစွမ်းရည်မြှင့် သင်တန်းကို မေ ၁၈ ရက်မှ ၂၀ ရက် အထိ ပို့ချမည်ဖြစ်ပြီး အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ မူလတန်းအဆင့် ဆရာ ဆရာမ ၂၇၅ ဦး၊ နည်းပြ ၂၀ ၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ အလယ်တန်းဆင့် ဆရာ ဆရာမ ၅၆ ဦး၊ နည်းပြခြောက်ဦး စုစုပေါင်း ဆရာ ဆရာမ ၃၃၁ ဦးတို့ တက်ရောက်သင်ကြား လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**





## မိုင်းဖြတ်မြို့နယ်၌ အလယ်တန်း၊ မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းဖွင့်လှစ်

**မိုင်းဖြတ် မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ဆရာ ဆရာမများ၏ သင်ကြားရေးအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ အလယ်တန်း၊ မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းကို မေ ၁၈ ရက် နံနက်ပိုင်းက အထက(မိုင်းဖြတ်)၌ ဖွင့်လှစ်သည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းကိုပြီးမြောက်သည်အထိ တက်ရောက်နိုင်ရေး၊ သင်တန်းမှရရှိသည့် ဆွေးနွေးချက်များကို လက်တွေ့အသုံးချနိုင်ရေးနှင့် စပ်လျဉ်း၍ ပြောကြားသည်။ ထို့နောက် သင်တန်းကို ဆွေးနွေးပို့ချရာ နည်းပြဆရာများက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေးနှင့် အနုပညာ စသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ အလယ်တန်းအဆင့် ဆရာ ဆရာမ ၂၃ ဦး၊ မူလတန်းအဆင့် ဆရာ ဆရာမ ၆၁ ဦး စုစုပေါင်း ၈၄ ဦး တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝါးခယ်မြို့နယ်၌ အခြေခံပညာအလယ်တန်းအဆင့်၊ မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲများ ပြုလုပ်

**ဝါးခယ်မ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စာရေးကုန်းရပ်ကွက် အထက(၁)ဒေါ်ပိုက်မိခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာ အလယ်တန်းနှင့် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်က ကျောင်းဖွင့်ချိန်တွင် ကျောင်းနေအရွယ် ကလေးများအားလုံး ရာနှုန်းပြည့် ကျောင်းအပ်နှံပြီး တက်ရောက်နိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး နန်းစန်စွမ်းက စွမ်းရည်မြှင့် ဆွေးနွေးပွဲ ပြုလုပ်ရခြင်းကို ပြောကြားပြီး အထက (၂) ဝါးခယ်မတွင် အခြေခံပညာ အလယ်တန်းအဆင့် ဆွေးနွေးပွဲနှင့် မူလတန်းအဆင့် ဆွေးနွေးပွဲကို သင်တန်းသား သင်တန်းသူ ၁၇၂၅ ဦးအား နည်းပြ ၁၀၈ ဦးဖြင့် အထက(၁) (ဝါးခယ်မ)၊ အထက (ရွှေလောင်း)၊ အထက (ကျုံမငေး) တို့တွင် မေ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**



## မြိတ်မြို့၌ ခရိုင်အဆင့် အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်မွမ်းမံ ဆွေးနွေးပွဲ ကျင်းပ

**မြိတ် မေ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ခရိုင်အဆင့် အခြေခံပညာအထက်တန်းအဆင့် ( Grade-10, Grade-11 ) ဘာသာရပ်မွမ်းမံ ဆွေးနွေးပွဲကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ မေ ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က ဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆွေးနွေးပွဲကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ဘာသာရပ်အလိုက် အတန်းအလိုက် ဆွေးနွေးကြမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် နည်းပြ ၃၅ ဦးမှ ဘာသာရပ်အလိုက် နံနက် ၉ နာရီမှညနေ ၄ နာရီအထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

**ကျိုက်ထို မေ ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဘာသာရပ် စွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ဖွင့်လှစ်သည်။



ဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမောင်ညိုက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီးဒုတိယပညာရေးမှူးဦးစိုးမိုးအေးက သင်တန်းဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် နည်းပြ ၁၇ ဦး က အလယ်တန်းအဆင့် သင်တန်းသား သင်တန်းသူ ၆၉ ဦးအား မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း၊ သိပ္ပံ ဘာသာရပ်များကို လည်းကောင်း၊ နည်းပြ ၁၀ ဦးက မူလတန်းအဆင့် KG မှ (Grade 1, 2, 3, 4)သင်ရိုးညွှန်းတမ်း ဘာသာရပ်များကို လည်းကောင်း မေ ၁၈ ရက်မှ မေ ၂၀ ရက်အထိ သင်ကြား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ်လမ်း (တောင်ကြီး-ဟိုပုံးလမ်း) လမ်းလုပ်ငန်းများ ဆောင်ရွက်

တောင်ကြီး မေ ၁၈

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်သည် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)၊ နေမင်းရောင် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း (တောင်ကြီး-ဟိုပုံးလမ်း) လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ မွန်းတည့် ၁၂ နာရီက မိုင်တိုင်အမှတ် (၁၁၆/၇ - ၁၁၆/၄) မိုင် သစ်တောရပ်ကွက် သစ်တောဂိတ်၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော နေမင်းရောင် ဆောက်လုပ်ရေးကုမ္ပဏီက လမ်းအကျယ် ၄၈ ပေ မပြည့်မီသောအပိုင်းအား ၄၈ ပေ ပြန်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)၊ နေမင်းရောင် ဆောက်လုပ်ရေးကုမ္ပဏီနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော် (တောင်ကြီး)




# စေတုတ္တရာမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



မကွေး မေ ၁၈

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် မုန်းတမံ လေးမိုင်လမ်းခွဲမှ ၁ မိုင် ဖ ဖာလုံ ကားလမ်းဘေးတွင် ယနေ့နံနက် ၈ နာရီက မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို သစ်တောဦးစီးဌာနမှ ဦးဆောင်ကျင်းပခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းထက်အောင်နှင့်အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖြန့်ဝေပေး

အခမ်းအနားကို သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစွမ်းထက်ကို ဦးဆောင်၍ ဝန်ထမ်းများက ပျိုးပင်များ ဖြန့်ဝေပေးခဲ့ပြီး လူဦးရေ ၅၀ ကျော်က သစ်ပင်များအား စိုက်ပျိုးပေးခဲ့ကြောင်း၊ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၃၀၀ စိုက်ပျိုးခဲ့ပြီး ဗာဒံ ၅၀ ပင်၊ စိစ်ပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ မဲဇလီပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၆၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆန်းကိုကို (ပြန်/ဆက်)

# ပြင်ဦးလွင်မြို့နယ်၌ စာဖတ်ရိုက်မြင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ပြင်ဦးလွင် မေ ၁၈

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ဝန်ထမ်းကောင်းများ ဖြစ်စေရန်ရည်ရွယ်၍ စာဖတ်ရိုက်မြင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံသစ်တော သင်တန်းကျောင်းတွင် ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံ သစ်တောသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစိုးသန်းကြည်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "အနာဂတ်နိုင်ငံ လုပ်ဖို့ ငါတို့ထူထောင်စို့" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သစ်တောသင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းသားများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



ခရိုင် (ပြန်/ဆက်)

# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိ

နေပြည်တော် မေ ၁၈

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ မေ ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၂၅ ကျပ် ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီ တစ်တန်ဈေးနှုန်းမှာ ဖေဖော်ဝါရီလမှ ဆက်တိုက်ကျဆင်းလာခဲ့ရာ ပြည်တွင်း တစ်ပိဿာ လက်ကားရည်ညွှန်းဈေးနှုန်းမှာလည်း အဆိုပါ လေးလတာကာလအတွင်း ၇၅၅ ကျပ် ကျဆင်းလာကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



**မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်းသိကောင်းစရာ**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည်

ဝမ်းရောဂါဖြစ်ပွားစေသော ပိုးများပါရှိသည့်



မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှ တစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

**ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။

## ရောဂါပိုးကူးစက်ပုံ

**ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည်

⇒ ယင်ကောင်မှတစ်ဆင့်လည်းကောင်း

⇒ မသန့်ရှင်းသောလက် စသည်တို့မှလည်းကောင်း

⇒ အစားအစာ၊ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း)

တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါ ဆက်လက်ကူးစက်စေပါသည်။

## ရောဂါလက္ခဏာများမှာ

- အရည်ဝမ်းများစွာ သွားခြင်း
- ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း
- အော့အန်ခြင်း
- နှလုံးခုန်နှုန်းမြန်ခြင်း
- အရေပြား၏ ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း
- မျက်တွင်းချိုင့်ဝင်ခြင်း
- ခံတွင်း/လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့ခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း

ဝမ်းလျှောရောဂါ ပြင်းထန်သောအခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းသွားသောကြောင့် အရည်ခန်းခြောက်ခြင်းကို ဖြစ်စေသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာ ကျန်းမာရေးဌာန/ဆေးရုံဆေးခန်းများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှု ခံယူပါ။**

## ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများမှာ

- အောက်ပါအခြေအနေများတွင် လက်ကိုစနစ်တကျ စင်ကြယ်စွာဆေးကြောပါ -
  - အစာမစားမီနှင့် အစားအစာ မပြင်ဆင်မီအချိန်တိုင်း
  - အညစ်အကြေးနှင့် အမှိုက်များကိုင်တွယ်ပြီးချိန်တိုင်း
  - အိမ်သာမှ ဆင်းချိန်တိုင်း



- ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။



- တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ကျက်အောင် ချက်ပြီးမှ စားသုံးပါ။



- အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။



- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ပါ။



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရပါက (သို့) အော့အန်နေပါကလျင်မြန်စွာ ရေဓာတ်ပြန်ဖြည့်ရန် ဓာတ်ဆားရည် သောက်ပါ။

**ဆေးရုံ ဆေးခန်းသို့** သွားရောက်ရန် ဆောင်ရွက်စဥ် ဓာတ်ဆားရည်ကိုသောက်ပါ။

### ဓာတ်ဆားရည် ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။

→ ဓာတ်ဆားထုတ်တွင်ပါဝင်သော အသုံးပြုသက်တမ်း ကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးပါက အသုံးမပြုပါနှင့်။

→ ဓာတ်ဆားထုတ် (ORS) ၁ ထုပ်နှင့် ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာကို သန့်ရှင်းသော ဘူး/ခွက် ထဲသို့ ထည့်၍ဖျော်ပါ။

→ ဖျော်ထားသော ဓာတ်ဆားရည်ကို (၂၄)နာရီအတွင်း ကုန်အောင်သောက်ပါ။ (၂၄)နာရီကျော်ပါက မသောက်သုံးသင့်ပါ။

→ ဓာတ်ဆားဖျော်ရာတွင် သကြား၊ ဆားနှင့် အခြားသော အရည်များ ထပ်မထည့်ရပါ။

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

အကယ်၍ ဓာတ်ဆားထုပ် (ORS) မရှိခဲ့ပါက အောက်ပါ နည်းအတိုင်း မိမိအိမ်မှာပင် ဆားနှင့် သကြား အသုံးပြုပြီး ဖျော်နိုင်ပါသည်။

### အိမ်တွင်း ဓာတ်ဆားရည် ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။

→ ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာနှင့် လက်ဖက်စားဇွန်းဖြင့်

⇒ သကြား (၈)ဇွန်း

⇒ ဆား (၁) ဇွန်း ထည့်ပြီး ဖျော်ပါ။

**ရောဂါပြင်းထန်ပြီး အသက်ဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် ကျန်းမာရေးဌာန / ဆေးရုံဆေးခန်းများတွင် အချိန်မီ ဆေးကုသမှု ခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၅ ခုနှစ်၊ မေလ)





# ရေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ကောင်စီနယ်မြေရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၈**

နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့် သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူ ၉၂၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယလေးဌာနသို့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ရေကြောင်းလူငယ်မောင်မယ်များသည် သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စဉ့်ကိုင်မြို့နယ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**စဉ့်ကိုင် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အုန်းလက်ကောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာမွှာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ပြောကြား**

ဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးရွာသူ ကျေးရွာသားများ လိုက်နာရမည့်တာဝန်များနှင့် ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများက မိမိတို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကော်မတီ ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ မဲပေးရွေးချယ်ခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် အုန်းလက်ကောက်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# Bagan Plastic Campaign အဖွဲ့က စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ ရှင်းလင်းဆောင်ရွက်

**ညောင်ဦး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ်သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မေ ၁၇ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ဟောင်း သရပါတံခါးတွင် စုရပ်ပြုလုပ်၍ အဖွဲ့နှစ်ဖွဲ့ခွဲပြီး စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် "ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ Bagan Plastic Campaign အဖွဲ့ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက အဖွဲ့နှစ်ဖွဲ့ခွဲပြီး ပုဂံမြို့ဟောင်း သရပါတံခါးတွင် စုရပ်ပြုလုပ်၍ နန်းတော်ရာ၊ ရွှေဂူကြီးဘုရား၊ သဗ္ဗညုဘုရား၊ အနန္ဒာဘုရားကြီး ပရိဝုဏ်ဝန်းကျင်နှင့် ယာဉ်ရပ်နားကွင်းများရှိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ ကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်းလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများကို စေတနာရှင်အလှူရှင်များက သောက်ရေသန့်၊ ကော်ဖီ၊ အီကြာကွေး၊ စမူဆာ၊ မုန့်ကြွပ်တို့ဖြင့် ဝေငှကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။



**ရဲဝင်းနိုင်(ညောင်ဦး)**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးအောင်မြင်နေသည့် ပါကစ္စတန်နိုင်ငံ

**ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးမြို့ကြီးများတွင် အပြာရောင်ဆိုလာပြားများ အစီအရီ တပ်ဆင်ထားပြီး နိုင်ငံတစ်ဝန်းရှိ ကျေးရွာများအထိ ဆိုလာလျှပ်စစ်သုံးစွဲနေကြသည်။**

**စိုးသူရ**

လူဦးရေ ၂၅၅ သန်းကျော် နေထိုင်သော ပါကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် နေရောင်ခြည်စွမ်းအင်မှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသည်။



တရုတ်နိုင်ငံမှတင်သွင်းလာသည့် ဆိုလာပြားများသည် ပါကစ္စတန်ဈေးကွက်အတွင်း နေရာယူလာခဲ့ပြီး ဈေးနှုန်းသက်သာသဖြင့် လူကြိုက်များခဲ့သည်။ ပါကစ္စတန်နိုင်ငံရှိ ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများအောင်မြင်စေရေး တရုတ်နိုင်ငံမှ လုပ်ငန်းများက နည်းပညာနှင့် အကူအညီများ ပေးအပ်ခဲ့သည်။

ပြီးခဲ့သည့် သုံးနှစ်အတွင်း ပါကစ္စတန်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ကုန်ကျစရိတ်သည် များစွာမြင့်တက်နေပြီး နိုင်ငံတစ်ဝန်းရှိ ဒေသအချို့တွင် နာရီပေါင်းများစွာ မီးပျက်နေသောကြောင့် သမားရိုးကျလျှပ်စစ်ဓာတ်အားလိုင်းတစ်ခုတည်းကိုအားကိုး၍မရသဖြင့်ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးစနစ်ကို သုံးစွဲလာကြကြောင်း နိုင်ငံသားတစ်ဦးဖြစ်သည့် အမ်ဂျစ်ကဆိုသည်။

အစ္စလာမ္မာဘတ်၊ ကရာချိနှင့် လာဟိုးကဲ့သို့သော မြို့ကြီးများတွင် နေရောင်ခြည်ရရှိမှု များပြားသဖြင့် ကမ္ဘာပေါ်ရှိ အခြားဒေသများထက် နေအိမ်များတွင် ဆိုလာအသုံးပြုမှုများပြားကြောင်း BloombergNEF မှ Jenny Chase က ပြောသည်။

နိုင်ငံအတွင်း ဆိုလာလျှပ်စစ်သုံးစွဲမှုမြင့်တက်လာခြင်းကို ဆိုရှယ်မီဒီယာ ထွန်းကားလာခြင်းနှင့် နှိုင်းယှဉ်ခဲ့သည်။ TikTok နှင့် Instagram ကဲ့သို့သော လူမှုမီဒီယာများသည် သုံးစွဲသူများအား ထုတ်ဝေသူများဖြစ်လာစေရန် ခွင့်ပြုထားသကဲ့သို့ ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းသည် ပါကစ္စတန်နိုင်ငံသားများကို လျှပ်စစ်ထုတ်လုပ်သူအဖြစ်သာမက စားသုံးသူများပါ ဖြစ်လာစေသည်ဟု Pakistan Solar Association မှ မိုဆာက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဆင်းဒ်၊ ဗလူချီစတန်နှင့် ပန်ဂျပ်ပြည်နယ်တို့တွင် ဆိုလာစက်ရုံများရှိပြီး နိုင်ငံတကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အေဂျင်စီ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ တရုတ်နိုင်ငံမှ ကုမ္ပဏီများနှင့် ပါကစ္စတန်ပုဂ္ဂလိကကဏ္ဍ စွမ်းအင်ကုမ္ပဏီများမှ ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည်။

ထို့ပြင် နိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် NET Metering စနစ်အရ ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးစနစ်ဖြင့် ထုတ်လုပ်သုံးစွဲပြီးနောက် ပိုလျှံသည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော် လျှပ်စစ်ဓာတ်အားပေးစနစ်သို့ရောင်းချခြင်းဖြင့် ဆိုလာလျှပ်စစ်သုံးစွဲသူများအတွက် ဓာတ်အားခသက်သာစေသော အကျိုးကျေးဇူးများ ရရှိခဲ့သည်။

နိုင်ငံအတွင်း ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခုနှစ်မှစတင်ကာ နောင်လာမည့်နှစ်ပေါင်းများစွာအထိ အစီအမံများဆောင်ရွက်နေပြီး ၂၀၂၆ ခုနှစ်အရောက်တွင် အိမ်ခေါင်မိုးများမှ ဆိုလာလျှပ်စစ်ထုတ်လုပ်နိုင်သည့်ပမာဏသည် ခြောက်ဂျီဂါဝပ်အထိ ရှိလာမည်ဟု ပါကစ္စတန်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအင်စတီကျူမှ တာဝန်ရှိသူ အက်ဗာမာလစ်က ပြောကြားသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံအပါအဝင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပံ့ပိုးမှုဖြင့် ကမ္ဘာတစ်ဝန်း ဆိုလာလျှပ်စစ်သုံးစွဲမှု များပြားလာသည်။

ကမ္ဘာတစ်ဝန်း ဆိုလာလျှပ်စစ်သုံးစွဲမှုတိုးတက်လာခြင်း၏ အကြောင်းရင်းများကိုလည်း အောက်ပါအတိုင်းတွေ့ရှိရသည်။

**ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချနိုင်ခြင်း**

ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လွှတ်ခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို သိသိသာသာလျှော့နည်းစေသည်။ နေရောင်ခြည်စွမ်းအင်သည် ဖန်လုံအိမ်ဓာတ်ငွေ့မထုတ်ပေးသည့် သန့်ရှင်းပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်တစ်ခုဖြစ်ကာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင်အကူအညီပေးပြီး လေထုအရည်အသွေးကို မြှင့်တင်ပေးသည်။

**မီတာခသက်သာခြင်း**

ဆိုလာပြားများ တပ်ဆင်ခြင်းသည် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကုန်ကျစရိတ်ကို သက်သာစေသည်။

**လေထုအရည်အသွေးကို မြှင့်တင်**

နေရောင်ခြည်စွမ်းအင်ကို အသုံးချခြင်းသည် လေထုညစ်ညမ်းမှုကို အဓိကပံ့ပိုးပေးသည့် ရုပ်ကြွင်းလောင်စာများ ထုတ်လွှတ်မှုကို လျှော့နည်းစေသည်။ ရုပ်ကြွင်းလောင်စာအပေါ် မှီခိုအားထားမှုကို လျှော့ချခြင်းဖြင့် ဆိုလာစွမ်းအင်သည် သန့်ရှင်းသောလေကို ထိန်းသိမ်းနိုင်ပြီး ကျန်းမာရေးကို အကျိုးပြုသည်။

ဆိုလာစနစ်သုံးစွဲခြင်းဖြင့် ရရှိလာမည့် သန့်စင်သောလေအရည်အသွေးသည် လေထုညစ်ညမ်းမှုနှင့်ဆက်စပ်သော အသက်ရှူလမ်းကြောင်းနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများကို လျှော့ချခြင်းဖြင့် ကျန်းမာရေးကို တိုက်ရိုက်အကျိုးသက်ရောက်စေသည်။ နေရောင်ခြည်စွမ်းအင်သည် လူမှုအသိုင်းအဝိုင်းများအတွက် ကျန်းမာသောပတ်ဝန်းကျင်ကို ပံ့ပိုးပေးသည်။

**သဘာဝပတ်ဝန်းကျင် ထိခိုက်မှု**

ဆိုလာလျှပ်စစ်ထုတ်လုပ်မှုသည် ရုပ်ကြွင်းလောင်စာများနှင့် နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းငယ်သာရှိသည်။ ထို့ပြင် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ ဒေသများပျက်စီးခြင်းများကို လျှော့ချပေးပြီး သဘာဝပတ်ဝန်းကျင် တစ်ခုလုံး ရေရှည်တည်တံ့ခိုင်မြဲရေးကို အကူအညီပေးသည်။

**စွမ်းအင်ကဏ္ဍတွင် မှီခိုမှုလျှော့ချနိုင်ခြင်း**

ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှ တင်သွင်းသောလောင်စာများနှင့် နိုင်ငံတော်ဓာတ်အားစနစ်အပေါ်မှီခိုမှုကို လျှော့ချနိုင်ပြီး စွမ်းအင်ဖူလုံစွာရရှိစေသည်။

**အလုပ်အကိုင်ဖန်တီးရေးနှင့် စီးပွားရေးတိုးတက်မှု**

ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လွှတ်သည့်လုပ်ငန်းသည် ကုန်ထုတ်လုပ်မှု၊ တပ်ဆင်မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် သုတေသနလုပ်ငန်းများတွင် အလုပ်အကိုင်များဖန်တီးပေးခြင်းဖြင့် နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးသည်။ ယင်းအချက်သည် ပိုမိုခိုင်မာသောစီးပွားရေးကို ဦးတည်စေပြီး အလုပ်လက်မဲ့နှုန်းကို လျှော့ချနိုင်သည်။

**ကျေးလက်လျှပ်စစ်ဓာတ်အားရရှိရေး အကူအညီပေးခြင်း**

နေရောင်ခြည်စွမ်းအင်သည် ဝေးလံခေါင်သီသော ကျေးလက်ဒေသများသို့ လျှပ်စစ်ဓာတ်အားပေးစွမ်းနိုင်သည်။ ယင်းအချက်သည် လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးသည်။

**ပြုပြင်ထိန်းသိမ်းမှု စရိတ်နည်းပါးခြင်း**

ဆိုလာပြားများသည် ပြုပြင်ထိန်းသိမ်းမှု အနည်းဆုံးဖြစ်သောကြောင့် ကုန်ကျစရိတ်သက်သာစေပြီး နေ့စဉ်လူနေမှုဘဝကို အဆင်ပြေစေသည်။

ယနေ့ကမ္ဘာတွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချနေပြီး ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုများပြားလာခြင်းသည် ဖွံ့ဖြိုးမှု၏ပြယုဂ်များပင် ဖြစ်သည်။ ။

ကိုးကား – How Pakistan pulled off one of the fastest solar revolutions in the world



> **“နိုင်ငံအတွင်း ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခုနှစ်မှစတင်ကာ နောင်လာမည့်နှစ်ပေါင်းများစွာအထိ အစီအမံများဆောင်ရွက်နေပြီး ၂၀၂၆ ခုနှစ်အရောက်တွင် အိမ်ခေါင်မိုးများမှ ဆိုလာလျှပ်စစ်ထုတ်လုပ်နိုင်သည့်ပမာဏသည် ခြောက်ဂျီဂါဝပ်အထိ ရှိလာမည်”**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် Basic English Grammar & Writing ရေးသားနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 9

ဒီတစ်ပတ်မှာ Wh questions မေးခွန်းပြုလုပ်နည်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

**Unit 4**

**Lesson 3: What did you do yesterday?**

**Wh questions မေးခွန်းပြုလုပ်နည်း**

**(B) Fill the blanks with the appropriate question words to make questions for the answers in brackets.**

1. ________ was your best friend? (Ko Lin)
2. ________ was your favorite color? (Blue)
3. _______ did you live? (in Yangon)
4. ______ was your birthday? (on 28th December)
5. ________ did you like ice cream? (because it is delicious.)
6. ________ did you learn? (Chinese)
7. ________ toy was this? (Ko Ko's)
8. ________ did you play with? (with Zin Zin)
9. ________ did you solve the puzzle? (by carefully putting the pieces together)
10. _________ did you play yesterday? (football)
11. ______ did you eat for lunch yesterday? (rice and chicken curry)
12. ______ did you go on your last vacation? (Pyin Oo Lwin)
13. ________ helped you with your homework yesterday? (Ma Lay)
14. ______ did you want to be when you grew up? (a doctor)
15. ________ did you go to bed last night? (at 9 o'clock)
16. _______ was it important to brush your teeth? (to keep them clean and healthy)
17. ________ did you come to school? (by bus)
18. ________ did you see him this morning? (at 7 o'clock)

**(C) Fill in the blanks with the <u>correct past tense</u> form of the verbs given in brackets:**

1. I ________ (buy) a new watch yesterday.
2. She _______ (see) him on the bus this morning.
3. He _______ (do) homework last night.
4. They _________ (come) here two weeks ago.
5. Min Min _______ (go) for a walk two hours ago.
6. Yesterday, I _________ (play) soccer with my friends.
7. She _________ (watch) a movie last night.
8. They _________ (visit) their grandparents on the week-end.
9. We _________ (eat) pizza for dinner yesterday.
10. He _________ (clean) his room yesterday morning.

**(D) Make questions using the past tense form.**

1. She watched TV last night. Did ________________________?
2. They played tennis this evening. Did ________________?
3. We had dinner at the restaurant tonight. Did _________?
4. He used the computer yesterday. Did ______________?
5. Mother bought fruits and vegetables. Did ____________?

**(E) Make questions to which the underlined words are answers.**

1. I had <u>fried rice</u> for breakfast. ________________________ _______________?
2. They went <u>to Ngapali Beach</u> on vacation last year. ___________________________?
3. She finished her work <u>at 5 p.m. yesterday</u>. ___________ _______________________?
4. We missed the bus <u>because it arrived early</u>. __________ ______________________?
5. He met <u>his old friend Kyaw Kyaw</u> at the party. ___ ______ _________________?
6. I watched "<u>The Avengers</u>" last night. _______________ _________________?
7. They solved the problem <u>by working together and brain-storming ideas</u>. _________________________________ ______________?
8. I found my lost keys <u>in the kitchen drawer</u>. ___________ _______________________?
9. He arrived at the office <u>at 9 a.m</u>. ____________________ _____________________?
10. She cried at the movie theater <u>because the movie was very emotional</u>. ____________________________________________?

**Answers**

(A) 1. Where 2. What 3. Who 4. When 5. How 6. What 7. Where 8. Who 9. What 10. How 11. Why 12. How 13. Where 14. Where 15. Why 16. How 17. Why 18. What 19. How often 20. Who

(B) 1.Who; 2. What; 3. Where; 4. When; 5. Why; 6. What language; 7. Whose; 8. Who; 9. How; 10. Which; 11. What; 12. Where; 13. Who; 14. What; 15. When; 16. Why; 17. How; 18. What time;

(C) 1. bought; 2. saw; 3. did; 4. came; 5. went; 6. played; 7. watched; 8. visited; 9. ate; 10. cleaned;

(D) 1. Did she watch TV last night? 2. Did they play tennis this evening? 3. Did we have dinner at the restaurant tonight? 4. Did he use the computer yesterday? 5. Did mother buy fruits and vegetables?

(E) 1. What did you eat for breakfast this morning? 2. Where did they go on vacation last year? 3. When did she finish her work? 4. Why did we miss the bus? 5. Who did he meet at the party? 6. Which movie did you watch last night? 7. How did they solve the problem? 8. Where did you find your lost keys? 9. What time did he arrive at the office? 10. Why did she cry at the movie theater?

****************************

---

## Grade 10

ဒီတစ်ပတ်မှာ Either … or (တစ်ခုမဟုတ် တစ်ခု) နဲ့ Neither … nor (နှစ်ခုစလုံးမဟုတ်) နှင့်ပတ်သက်သည့် လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**(A) Join the two sentences in each item, using 'either--or'.**

1. You can have tea. You can have coffee.
2. She will go to Paris. She will go to Rome.
3. We can watch a movie. We can play a game.
4. He can sing. He can dance.
5. They might go by train. They might go by bus.
6. I will eat pizza. I will eat pasta.
7. You can stay here. You can leave.
8. My brother will study science. He will study art.
9. She likes apples. She likes oranges.
10. The cat is on the sofa. The cat is on the bed.
11. Take your umbrella. You won't get wet.
12. Arrive late. You won't be allowed to enter.
13. Drink too much coffee. You won't sleep well.
14. Tell the truth. Nobody will trust you.
15. Don't save money. You won't be able to buy a new phone.
16. You must complete the project today, or you will face a penalty.
17. She can't decide whether to study medicine or pursue a career in music.
18. They will have to move to another city or find a better job nearby.
19. He might attend the international conference, or he might join the local workshop instead.
20. The guests could arrive by train, or they might drive all the way from the airport.

**(B) Join the two sentences in each item, using 'neither--nor'.**

1. He doesn't like apples. He doesn't like oranges.
2. She isn't singing. She isn't dancing.
3. I didn't see John. I didn't see Mary.
4. The boy doesn't want milk. He doesn't want juice.
5. We aren't tired. We aren't hungry.
6. They didn't visit the museum. They didn't visit the zoo.
7. You didn't call me. You didn't message me.
8. My brother can't swim. He can't ride a bicycle.
9. Tom doesn't speak French. Tom doesn't speak German.
10. She isn't angry. She isn't sad.
11. We don't have time. We don't have money.
12. I didn't buy a pen. I didn't buy a notebook.
13. The cat didn't eat fish. The cat didn't eat chicken.
14. He hasn't cleaned his room. He hasn't finished his home-work.
15. The students didn't understand the instructions. They didn't ask for help.

**************

**Ans:**

**Either … or**

1.You can have **either** tea **or** coffee. 2. She will go to **either** Paris **or** Rome. 3. We can watch **either** a movie **or** play a game. 4. He can **either** sing **or** dance. 5. They might go by **either** train **or** bus. 6. I will eat **either** pizza **or** pasta. 7. You can **either** stay here **or** leave. 8. My brother will study **either** science **or** art. 9. She likes **either** apples **or** oranges. 10. The cat is on **either** the sofa **or** the bed. 11. **Either** take your umbrella **or** get wet. 12. **Either** arrive on time **or** you won't be allowed to enter. 13. **Either** drink less coffee **or** you won't sleep well. 14. **Either** tell the truth **or** nobody will trust you. 15. You can **either** save money **or** you won't be able to buy a new phone. 16. You must **either** complete the project today **or** face a penalty. 17. She can't decide whether to **either** study medicine **or** pursue a career in music. 18. They will have to **either** move to another city **or** find a better job nearby. 19. He might **either** attend the international conference **or** join the local workshop instead. 20. The guests could **either** arrive by train **or** drive all the way from the airport.

**Neither … nor**

1. He likes **neither** apples **nor** oranges. 2. She is doing **neither** singing **nor** dancing. 3. I saw **neither** John **nor** Mary. 4. The boy wants **neither** milk **nor** juice. 5. We are **neither** tired **nor** hungry. 6. They visited **neither** the museum **nor** the zoo. 7. You did **neither** call me **nor** message me. 8. My brother can **neither** swim **nor** ride a bicycle. 9. Tom speaks **neither** French **nor** German. 10. She is **neither** angry nor sad. 11. We have **neither** time **nor** money. 12. I bought **neither** a pen **nor** a notebook. 13. The cat ate **neither** fish **nor** chicken. 14. He has **neither** cleaned his room **nor** finished his homework. 15. The students **neither** understood the instructions **nor** asked for help.

*******************

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

## Grade 11

ယခင်တစ်ပတ်က Present Perfect Tense နှင့် Present Perfect Continuous Tense အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Must နှင့် have to အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Answers**

**Present Perfect Tense or Present Perfect Continuous Tense**

(A) 1. has been reading; 2. have called; 3. have you picked; 4. has been working; 5. has studied; 6. has cooked; 7. have run; 8. has he been waiting; 9. have been fighting; 10. has visited; 11. have visited; 12. has been raining; 13. has stolen; 14. have been writing; 15. have bought; 16. have had; 17. has worn; 18. has been putting; 19. has been watching; 20. have caught;

*************

### Must and Have to

**<u>Must</u>**

- အကြောင်းအရာကိစ္စတစ်ခုကို လုပ်ဆောင်ဖို့ လိုအပ်ကြောင်း၊ တာဝန်ရှိကြောင်း ပြောဆိုရာတွင် must ကို သုံးရသည်။ (ပြောသူရဲ့ စိတ်ခံစားမှုအရ ပြောတာဖြစ်တဲ့အတွက် မလုပ်ရင်လည်း ဖြစ်တယ်ဆိုတဲ့ သဘောသက်ရောက်ပါတယ်။ မဖြစ်မနေလုပ်ရတယ်ဆိုတဲ့သဘော မဟုတ်ပါ။ ရွေးချယ်လို့ရပါတယ်။)

e.g. I **<u>must stop</u>** smoking.
You **<u>must visit</u>** us soon.
He **<u>must work</u>** harder.

မှတ်ရန်။ Present လက်ရှိကာလနဲ့ future အနာဂတ်ကာလတွင် Must ကို အသုံးပြုနိုင်သော်လည်း past အတိတ်ကာလအတွက် had to ကိုအသုံးပြုရသည်။

e.g. I **<u>must go</u>** now. (present)
I **<u>must call</u>** my mother tomorrow. (future)

**<u>Have to</u>**

- အကြောင်းကိစ္စတစ်ခုကိုလုပ်ဆောင်ဖို့လိုအပ်ကြောင်း၊ တာဝန်ရှိကြောင်း ပြောဆိုရာတွင် have to ကို သုံးရသည်။ (ပြောသူရဲ့စိတ်ခံစားချက်မပါဘဲ အခြေအနေတစ်ရပ်ရပ် သို့မဟုတ် စည်းမျဉ်းတစ်ခုခုကြောင့် လုပ်ဆောင်ရတဲ့သဘောသက်ရောက်ပါတယ်။ မဖြစ်မနေလုပ်ရတဲ့ သဘောဖြစ်ပါတယ်။ ရှောင်လွှဲလို့မရ။)

e.g. In France, you **<u>have to drive</u>** on the right. (ပြင်သစ်နိုင်ငံမှာ ညာဘက်က ကားမောင်းရတယ်။)
In England, most schoolchildren **<u>have to wear</u>** a uniform. (အင်္ဂလန်နိုင်ငံမှာ ကျောင်းသားကျောင်းသူတွေ တူညီဝတ်စုံ ဝတ်ဆင်ရတယ်။)
John **<u>has to wear</u>** a tie at work. (ဂျွန် အလုပ်မှာ လည်စည်း ဝတ်ဆင်ထားရတယ်။)
We **<u>have to obey</u>** school rules. (ကျွန်တော်တို့ ကျောင်းစည်းကမ်း လိုက်နာရတယ်။)
You **<u>don't have to</u>** wear casual clothes on special occasions. (အထူးအခမ်းအနားတွေမှာ အရပ်ဝတ်အဝတ်အစားတွေ မဝတ်ဆင်ရဘူး။)
<u>Does</u> everyone **<u>have to come</u>** to the assembly? (လူတိုင်း အစည်းအဝေးကို တက်ဖို့လိုသလား။)

**Exercises**

**(A) Write 'must', 'mustn't', 'have to', 'had to', 'don't have to', or 'didn't have to'.**

1. It is necessary to do this. ____________________
2. It isn't necessary (but you can do this if you want). ____________________
3. It was necessary to do that. ____________________
4. It wasn't necessary to do that. ____________________
5. Don't do this. It is forbidden. ____________________

**(B) Fill in the blanks with the correct form of 'must', or 'have to'.**

1. It's raining outside. Ko Ko __________ take his umbrella.
2. I can give you my car, so you __________ buy a new one.
3. They __________ be in a hurry, because they have got more than enough time.
4. You __________ stop at the red light.
5. Tomorrow is Sunday. You ___________ get up very early.
6. Our grandpa can't see very well. He __________ wear glasses.
7. You __________ return them. They are too small for you.
8. I am broke, I __________ borrow some money to buy something to eat.
9. You __________ stop smoking. It is very harmful.
10. U Kyaw is travelling abroad this summer, so he __________ get his passport soon.
11. All the students __________ obey the school rules.
12. It's freezing outside, so we __________ take a taxi and not walk.
13. Students __________ look at their notes during the test.
14. I have a terrible headache, so I __________ leave early.
15. Snow has blocked the roads. We __________ stay here until it's cleared.

++++++++++++++++++

## Grade 12

**ဒီတစ်ပတ်မှာ Relative Clauses အကြောင်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။**

Relative clauses

e.g. (6) **I will never forget the day. I met you on that day.**

I will never forget the day **<u>when I met you</u>**. ငါမင်းကိုတွေ့ခဲ့တဲ့နေ့ကို ဘယ်တော့မှ မမေ့ဘူး။ ဒီဝါကျမှာ **ငါမင်းကိုတွေ့ခဲ့တဲ့** ဆိုတဲ့ clause ဝါကျပိုင်းမပါဘဲ နေ့ရက်တစ်ခုတည်းဆိုရင် အဓိပ္ပာယ်မပေါ်လွင်လို့ Defining clause နဲ့ဆက်ပေးရပါတယ်။

e.g. (7) **He has gone back to the village. He was born in that village.**

He has gone back to the village <u>where he was born</u>. သူ့ကိုမွေးဖွားတဲ့ရွာကို သူ ပြန်သွားပြီ။ ဒီဝါကျမှာ **သူ့ကိုမွေးဖွားတဲ့** ဆိုတဲ့ clause ဝါကျပိုင်းမပါဘဲ ရွာတစ်ရွာတည်းဆိုရင် အဓိပ္ပာယ်မပေါ်လွင်လို့ Defining clause နဲ့ဆက်ပေးရပါတယ်။

Non- defining clause နဲ့ဆက်ရမယ့် ဝါကျတွေကို ဆက်လက်လေ့လာကြည့်ပါ။

e.g.(1) **The biggest barrier to happiness is envy. It is a state of desiring other people's qualities, possessions, opportunities, etc.**

ပျော်ရွှင်မှုရဲ့ အကြီးမားဆုံး အတားအဆီးက မနာလိုဝန်တိုမှုဖြစ်တယ်။ မနာလိုဝန်တိုမှုဆိုတာ အခြားသူတွေရဲ့ အရည်အချင်းတွေ၊ ပိုင်ဆိုင်မှုတွေ၊ အခွင့်အလမ်းတွေကို လိုချင်တပ်မက်ခြင်းပဲဖြစ်ပါတယ်။

ပထမဝါကျမှာပေးထားတဲ့ **envy မနာလိုဝန်တိုမှု**ဆိုတာ လူတိုင်းနားလည်ပြီးသားဖြစ်ပါတယ်။ relative clause ထည့်မှ အဓိပ္ပာယ်ပေါ်လွင်တာမဟုတ်ပါ။ သူ့ချည်းသက်သက် အဓိပ္ပာယ်ပေါ်လွင်ပြီးသား ဖြစ်ပါတယ်။ (which is a state of desiring other people's qualities, possessions, opportunities, etc.) ဆိုတဲ့ clause ဝါကျပိုင်းဟာ မပါလည်းဖြစ်တဲ့ အချက်အလက် (extra information) ဖြစ်ပါတယ်။ ဒါကြောင့် Non-defining clause နဲ့ဆက်ရမှာဖြစ်ပါတယ်။ ဒီတော့အဖြေက

The biggest barrier to happiness is envy, <u>which is a state of desiring other people's qualities, possessions, opportunities, etc</u>. ဆိုပြီးဖြစ်သွားပါတယ်။

e.g. (2) **To reduce stress, many people practise meditation. Meditation is also known as mindfulness.**

စိတ်ဖိစီးမှုကို သက်သာစေဖို့ လူတွေက တရားထိုင်ကြတယ်။ တရားထိုင်တာကို သတိပဋ္ဌာန်ရှုတယ်လို့လည်းခေါ်ကြတယ်။ ပထမဝါကျမှာပါတဲ့ **တရားထိုင်ခြင်း meditation** ဆိုတာ လူတိုင်းနားလည်ပြီးသားဖြစ်တယ်။ Relative clause ထည့်မှ အဓိပ္ပာယ်ပေါ်လွင်မှာမဟုတ်ဘူး။ သူ့ချည်းသက်သက် အဓိပ္ပာယ်ပေါ်လွင်ပြီးသားဖြစ်ပါတယ်။ ဒါကြောင့် မပါလည်း ဖြစ်တဲ့ အချက်အလက် (extra information) ထည့်ရမှာဖြစ်လို့ Non-defining clause နဲ့ဆက်ရမှာဖြစ်ပါတယ်။ ဒီတော့ အဖြေက To reduce stress, many people practise meditation, which is also known as mindfulness. စိတ်ဖိစီးမှုကို သက်သာစေဖို့ လူတွေက သတိပဋ္ဌာန်ရှုတယ်လို့ခေါ်တဲ့ တရားထိုင်ခြင်းအလုပ်ကို လုပ်ကြတယ်။ ဆိုပြီးဖြစ်သွားပါတယ်။

e.g.(3) **The movie has caught the attention of the media. I watched it last night.**

ရုပ်ရှင်က မီဒီယာတွေ အာရုံစိုက်မှုကို ရထားပြီးပြီ။ ငါမနေ့ညက အဲဒီရုပ်ရှင်ကို ကြည့်ခဲ့တယ်။

ပထမစာကြောင်းမှာပါတဲ့ ရုပ်ရှင်က မီဒီယာတွေ အာရုံစိုက်မှုကို ရပြီးပြီဆိုကတည်းက အားလုံးသိပြီးသားဖြစ်နေပြီ။ ဒါကြောင့် နောက်ဝါကျက မပါလည်းဖြစ်တဲ့ (extra information) ဖြစ်တယ်။ ဒါကြောင့် Non-defining clause နဲ့ဆက်ရမှာဖြစ်ပါတယ်။ ဒီတော့ အဖြေက The movie, <u>which I watched last night,</u> has caught the attention of the media. ဆိုပြီး ဖြစ်သွား ပါတယ်။ (ကော်မာတွေထည့်ရတာကို သတိပြုပါ။)

> **Defining clause** နဲ့ **Non- defining clause** ကို ပြန်သုံးသပ်ကြည့်မယ်ဆိုရင် မပါမဖြစ်ပါရမယ့်အချက်အလက် **(Essential information)** ဆိုရင် defining clause နဲ့ဆက်။ that / which ကြိုက်ရာသုံး၊ (,) ကော်မာထည့်ဖို့မလိုဘူး။
> မပါလည်းဖြစ်တဲ့ အချက်အလက် (Extra information) ဆိုရင် non-defining clause နဲ့ဆက်။ that သုံးလို့မရ။ (,) ကော်မာထည့်ပေးရမယ်။

**Text book exercise:**

**(A) Join the two sentences using who or which. Make changes where necessary.**

(1) U Aung Myint often shouts at his employees. He has a bad temper.

-----------------------------------------------------------.

Ans: (1) U Aung Myint, who has a bad temper, often shouts at his employees. ဦးအောင်မြင့် ဆိုတာ ကိုယ်ပိုင်နာမည်ဖြစ်တယ်။ သူ့ချည်းပဲ အဓိပ္ပာယ်ပေါ်လွင်ပြီးသား။ အပိုအချက်အလက်ထပ်ထည့်ရမှာဖြစ်လို့ Non-defining clause နဲ့ ဖြေရမယ်။

(2) Our principle wants to see an architect. He designed our school library.

___________________________________________________.

Ans (2) Our principle wants to see the architect who designed our school library. ငါတို့ကျောင်းစာကြည့်တိုက်ကို ဒီဇိုင်းရေးဆွဲခဲ့တဲ့ ဆိုတဲ့အချက်ပါမှ အဓိပ္ပာယ်ပေါ်လွင်မှာဖြစ်လို့ Defining clause နဲ့ရေးရမယ်။

(3) My new flat is on the ninth floor. It has a terrific view.

-----------------------------------------------------------.

Ans (3) My new flat, which has a terrific view, is on the ninth floor. တစ်စုံတစ်ခုအကြောင်း ထပ်ဖြည့်ပြောတာ (extra information) ပေးတာဖြစ်လို့ Non-defining clause နဲ့ဖြေရမယ်။

(4) The police interrogated a man. His son had disappeared.

-----------------------------------------------------------.

Ans (4) The police interrogated the man whose son had disappeared. သားပျောက်နေတဲ့လူကြီးလို့ပြောမှ အဓိပ္ပာယ်ပြည့်စုံမှာဖြစ်လို့ Defining clause နဲ့ဖြေရမယ်။

(5) Polar bears live in the Arctic. They weigh up to 720 kilos.

-----------------------------------------------------------.

Ans (5) Polar bears, which weigh up to 720 kilos, live in the Arctic. ပိုလာဝက်ဝံဆိုတာ လူတိုင်းသိပြီးသားဖြစ်တယ်။ တစ်ဦးဆိုင်နာမ်အကြောင်း ထပ်ဖြည့်ပြောလို့ Non – defining clause နဲ့ရေးရမယ်။

(6) I met an old lady. She was one hundred and two years old.

-----------------------------------------------------------.

Ans (6) I met an old lady who was one hundred and two years old. အသက် ၁၀၂ နှစ်ရှိသော အမျိုးသမီးကြီးလို့ဆိုမှ အဓိပ္ပာယ်ပြည့်စုံတယ်။ Defining clause နဲ့ရေးရမယ်။ အခြား အသက် ၁၀၂ နှစ်ရှိတဲ့သူတွေလည်း ရှိနိုင်သေးတဲ့အတွက်ကြောင့် an ကို the မပြောင်းရပါ။ နောက်တစ်ချက်စဉ်းစားကြည့်မယ်။ အသက် ၁၀၂ နှစ်ဆိုတာ ရှာမှရှားပါပဲ။ မျိုးတူမရှိနိုင်တဲ့ အသက်အရွယ်မို့ Non – defining clause နဲ့ရေးမယ်ဆိုရင် an ကို the ပြောင်းရေးရမယ်။ တစ်ဦးတည်းရှိတဲ့အတွက်ကြောင့်ဖြစ်တယ်။

ဥပမာ။ I met <u>an</u> old lady <u>who was one hundred and two years old</u>. (အသက် ၁၀၂ နှစ်ရှိတဲ့ အဘွားအိုကြီးတစ်ယောက်ကို ကျွန်တော်တွေ့ဆုံခဲ့တယ်။) အခြား အသက်တူတွေ ရှိနိုင်သေးတဲ့သဘော။

I met <u>the</u> old lady, <u>who was one hundred and two years old</u>. (Non-defining clause နဲ့ရေးထားရင် ကမ္ဘာပေါ်မှာ အသက် ၁၀၂ နှစ်ရှိတာ သူတစ်ယောက်တည်းပဲရှိတယ်ဆိုတဲ့ သဘော။)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# တာမွေမြို့နယ်၌ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ သက်ဆိုင်ရာတာဝန်ရှိသူများ မိတ်ဆက်တွေ့ဆုံပွဲကျင်းပ

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး သဃ်ဳန်းကျွန်းခရိုင် တာမွေမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဖက်အဖွဲ့အစည်းများ မိတ်ဆက်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အောင်မင်္ဂလာဟိန္ဒူဘုရားကျောင်း မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ သဃ်ဳန်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စည်သူက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီး ဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းနှင့် အသင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ တာမွေမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲခေါင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြို့နယ်အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား မိတ်ဆက်စကား ပြောကြားသည်။



အခမ်းအနားတွင် မြို့နယ်အတွင်း ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်း တစ်ဦး၏ သဘောတရား၊ ယုံကြည်ချက်နှင့် ခံယူချက်များကို အပြန်အလှန် လေးစားလျက် အတူတကွ အေးချမ်းစွာနေထိုင်သွားကြရန်၊ မြို့နယ်အတွင်း၌ ဘာသာရေးပဋိပက္ခများ (သို့မဟုတ်) အခြားသဘာဝဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပေါ်လာသော သဘာဝဘေးဒဏ်များအပေါ် ကူညီစောင့်ရှောက်ရေး၊ ဘာသာရေးနှင့် လူမှုရေးပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသားကြန်အင်လက္ခဏာကို မပျောက်ပျက်အောင်ထိန်းသိမ်းရင်းဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဘာသာရေးနှင့်ဆက်နွှယ်သော အခြားနစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် သက်ဆိုင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**



# ရမည်းသင်းမြို့၌ နဝမအကြိမ် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ ကျင်းပ

ရမည်းသင်း မေ ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် မြို့နယ်သံဃနာယကအဖွဲ့လမ်းညွှန်ချက်ဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ ဖြစ်မြောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော နဝမအကြိမ်မြောက် ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲက စာဖြေဌာနများ၌ ဖြေဆိုကျင်းပသည်။

ထိုသို့ဖြေဆိုကြရာတွင် ရမည်းသင်းမြို့ လက်ဆည်ကန်ရပ် ရန်ကြီးအောင်ကျောင်းတိုက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း(ကျောင်းကြီး)နှင့် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း(မြို့မ) အစရှိသော စာဖြေဌာနများတွင် ဖြေဆိုကြခြင်းဖြစ်သည်။ မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၉၃ ကျောင်းမှ ကျောင်းသားကျောင်းသူ မူလတန်းဆင့် ၁၄၂၇ ဦး၊ အလယ်တန်းဆင့် ၇၁၄ ဦး စုစုပေါင်း ၂၁၄၁ ဦး ဖြေဆိုကြသည်။

စာဖြေဌာနများ၌ ဝင်ရောက်ဖြေဆိုကြသော ကျောင်းသား ကျောင်းသူများအား ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာစာမေးပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကြီးအောင်ဆရာတော်နှင့်အတူ နာယကဆရာတော်ကြီးများ၊ အထူးကြီးကြပ်ရေးဆရာတော်များ၊ သင်တန်းမှူးဆရာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့က အေးချမ်းစွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးကြသည်။

နဝမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ ဆုနှင်းသဘင်အခမ်းအနားကို ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# တပ်ကုန်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မကျီးပင်ကျေးရွာ အနိမ့်ပိုင်းလူနေအိမ်များ ရေဝင်ရောက်

တပ်ကုန်း မေ ၁၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခဲ့၍ မကျီးပင်ကျေးရွာအုပ်စုအတွင်းရှိ ဒေသ(ခေါ်)ပေါင်နသာရိုးချောင်း ရေလျှံမှုကြောင့် မကျီးပင်ကျေးရွာ အနိမ့်ပိုင်း အိမ်ခြံဝိုင်းများအတွင်း ယနေ့ မွန်းလွဲ ၂နာရီခန့်က ရေများဝင်ရောက်ခဲ့သည်။



အဆိုပါအိမ်ထောင်စုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပရဟိတအဖွဲ့များ၊ စေတနာရှင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေတွင်းဖြူကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီရွှေ့ပြောင်းပေးခဲ့ပြီး ရေဝင်ရောက်သည့် အိမ်ထောင်စုဝင်များအား ရေသန့်ဘူးနှင့်ထမင်းထုပ်များ စီစဉ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ပေါင်းတည်၌ မြို့နယ်အဆင့် အခြေခံပညာအလယ်တန်းဆင့်နှင့် မူလတန်းဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲသင်တန်းဖွင့်

ပေါင်းတည် မေ ၁၈

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့်နှင့် မူလတန်းဆင့် ဘာသာရပ် စွမ်းရည်မြှင့်ဆွေးနွေးပွဲသင်တန်းဖွင့်ပွဲကို အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ယနေ့နံနက် ၉နာရီက ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခင်သင်းရီက ဆရာ ဆရာမများ သင်ကြားသင်ယူမှု ထိရောက်အောင်မြင်စေရေး နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုများနှင့်အညီ ယခု ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲများပြုလုပ်ရာ၌ အချိန်ကိုတန်ဖိုးရှိစွာဖြင့် ပူးပေါင်းဆွေးနွေး သင်ယူကြစေလိုကြောင်း မှာကြားသည်။



အဆိုပါ ဆွေးနွေးပွဲများကို မေ ၁၈ရက်မှ ၂၀ရက်အထိ ပြုလုပ်ကြမည်ဖြစ်ကြောင်း၊ မူလတန်းဆင့်တွင် နည်းပြဆရာ ၅၀ နှင့် ဆရာ ဆရာမ ၇၇၄ ဦးတို့သည် အထက (ပေါင်းတည်)၌ လည်းကောင်း၊ အလယ်တန်းဆင့်တွင် နည်းပြဆရာ ၁၆ ဦးနှင့် ဆရာ ဆရာမ ၂၂၁ ဦးတို့သည် အထက (မြို့မ)၌ လည်းကောင်း ကြီးကြပ်ရေးရုံးအဖွဲ့ ခုနစ်ဦးဖြင့် သင်ကြားပို့ချဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**ရွှေသား( IPRD)**

# မဟာအောင်မြေမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ ကျင်းပနိုင်ရေးအတွက် စာဖြေမည့်အမှတ်( ၂၄) အခြေခံပညာ အထက်တန်းကျောင်းသို့ ကွင်းဆင်းစစ်ဆေး

မန္တလေး မေ ၁၈

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အတွင်း မန္တလေးလျှင်ကြောင့် ဖြေဆိုရက် ရွှေ့ဆိုင်းခဲ့ရသည့် ၂၀၂၅ ခုနှစ် ပါဠိပထမပြန် စာမေးပွဲကို ပြန်လည်ကျင်းပနိုင်ရန်အတွက် စာဖြေမည့် မဟာအောင်မြေမြို့နယ် အမှတ်( ၂၄) အခြေခံပညာအထက်တန်းကျောင်းသို့ မေ ၁၇ ရက်က သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယင်းစာမေးပွဲ အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် အမှတ် ( ၂၄) အခြေခံပညာအထက်တန်းကျောင်းသို့ မန္တလေးတိုင်းဒေသကြီး သာသနာရေးညွှန်ကြားရေးမှူး ဦးဖြိုးဇော်ဇော်၊ မဟာအောင်မြေမြို့နယ် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမောင်မောင်၊ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်များမှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲကြားမှ မျဉ်း

နီဇော်သစ်

ပြီးခဲ့သည့်အပတ်က လျှပ်စစ်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကို ဖော်ပြခဲ့သည့်အထဲတွင် စက်မှုလုပ်ငန်းများကို တိုက်ရိုက်သက်ရောက်ခဲ့သည်မှာ သောမတ်စ်အက်ဒီဆင်နှင့် နစ်ကိုလာတက်စလာတို့၏ ဒီစီ-အေစီ လျှပ်စစ်စစ်ပွဲ၌ တက်စလာ၏ အေစီလျှပ်စစ်က အနိုင်ရပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံများထူထောင်ကာ စက်ရုံများသို့ လျှပ်စစ်မီးပေးနိုင်ခြင်းနှင့် လျှပ်စစ်မော်တာပေါ်ထွက်လာခြင်းတို့က အဓိကကျသည်။ လျှပ်စစ်မော်တာသည် ရေနွေးငွေ့သုံးအင်ဂျင်များလောက်ကြီးမားလေးလံခြင်းမရှိ။ ထိရောက်မှုလည်း ပိုရှိသည်။ သီးခြား လုပ်ဆောင်နိုင်စွမ်းများကိုလည်း ပေးစွမ်းသည်။ အဓိကအချက်မှာ စွမ်းအင်အသုံးပြုသည့်ပုံစံ ပြောင်းလဲသွားခြင်းဖြစ်သည်။

လျှပ်စစ်ထုတ်လုပ်မှုတွင် သဘာဝအင်အားနှင့်ရုပ်ကြွင်းလောင်စာတို့ကိုသာ အသုံးပြုခြင်းဖြစ်သည်။ စက်မှုလုပ်ငန်းတို့သည် စွမ်းအင်ကို ထုတ်လုပ်စရာမလိုတော့ဘဲ လျှပ်စစ်မီးတိုင်မှ ပေးလာသည့် စွမ်းအင်ကိုယူကာ လည်ပတ်နိုင်စွမ်းရှိလာသည်။ ထို့ကြောင့် ကုန်းလမ်း၊



ရေလမ်းများ၊ ကျောက်မီးသွေးထွက်ရှိသည့်နေရာများကို စဉ်းစားစရာမလိုတော့။ လျှပ်စစ်မီးတိုင်ရောက်သည့်နေရာတိုင်းတွင် အလုပ်ဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်က ပါဝါဗဟိုချက်ပြုမှုကို ခွဲထုတ်လိုက်သည်ဟု ပြောကြခြင်းဖြစ်သည်။ ကြီးမားလေးလံငွေရင်းများသည့်ပုံစံမျိုးမဟုတ်တော့၍ စွန့်ဦးတီထွင်သူများ၊ မန်နေဂျာများနှင့် အင်ဂျင်နီယာများသည် ပိုမိုကွဲပြားခြားနားသော ပုံစံအသစ်များဖြင့် ပေါ်ထွက်လာကြသည်။

လျှပ်စစ်နည်းပညာ၏ နောက်ထပ်ပစ်မှတ်မှာ အိမ်သုံးလျှပ်စစ်ဖြစ်သည်။ အစပိုင်းတွင် မီးလင်းရေးကို အဓိကထားခဲ့သော်လည်း နောက်ပိုင်းတွင် ဆန်းသစ်တီထွင်မှုများနှင့်အတူ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပေါ်ထွက်လာပြီး နေထိုင်မှုဘဝပုံစံတို့ပါ ပြောင်းလဲလာခဲ့သည်။ လျှပ်စစ်မီးတပ်ဆင်နိုင်သော အိမ်သည် အရင်ဆုံး အလင်းရောင်ရချိန်ပိုများလာသည်။ နောက်ပိုင်းတွင် ရေဒီယိုကဲ့သို့ ဆက်သွယ်ရေးပစ္စည်း အသစ်အဆန်းများ သုံးနိုင်လာသည်။ ထို့နောက် သိကြသည့်အတိုင်း ပေါင်မုန့်ဖုတ်၊ ထမင်းချက်၊ အဝတ်လျှော်၊ မီးပူတိုက်စသည့် အိမ်မှုကိစ္စအားလုံးအတွက် လျှပ်စစ်ပစ္စည်းများ ပေါ်ထွက်လာသည်။ ဤတွင် လျှပ်စစ်နှင့် လျှပ်စစ်ပစ္စည်းများကို သုံးနိုင်သည့် မြို့ပြနေလူတန်းစားတစ်ရပ် ပေါ်ထွက်လာသည်။ လူနေမှုဘဝမှာ ပိုပြီး သက်သောင့်သက်သာရှိလာသည်။ ခြုံငုံကြည့်လျှင် တစ်ချိန်က စက်ရုံများတွင်သာ သုံးနိုင်သည့်စွမ်းအင်ကို အိမ်တိုင်းတွင် သုံးနိုင်လာခြင်းဖြစ်သည်။ ယင်းကို လျှပ်စစ်၏ ပါဝါပြန်လည်ဖြန့်ဝေခြင်းဟု ခေါ်ခြင်းဖြစ်သည်။ လျှပ်စစ်၏ ပါဝါဖြန့်ဝေမှုသည် ဗဟိုချက်တစ်ခုတည်းသို့ စုသွားခြင်းမျိုးမဟုတ်ဘဲ ပြည်သူအများဆီသို့ ပျံ့နှံ့သွားသည်ကိုလည်း တွေ့နိုင်သည်။

အိမ်သုံးနှင့် အခြားလျှပ်စစ်ပစ္စည်းများ တီထွင်ထုတ်လုပ်ခြင်းဖြင့် အထက်ကပြောခဲ့သလို စွန့်ဦးတီထွင်သူအသစ်များ ထွက်ပေါ်လာပြီး ကုန်ထုတ်လုပ်မှုပုံစံရော ဈေးကွက်ပုံစံပါ ပြောင်းသွားသည်။ ကုန်ထုတ်လုပ်မှုသည် ယခင်ကလို တစ်မြို့တည်း၊ တစ်နေရာတည်းတွင် အများကြီး စုနေခြင်းမျိုးမဟုတ်တော့။ လျှပ်စစ်ရရှိသည့် နေရာတိုင်းတွင် ထုတ်လုပ်နိုင်၍ဖြစ်သည်။ ဤနည်းဖြင့်လည်း လျှပ်စစ်က ပါဝါဗဟိုချက်စုမှုကို ဖြန့်ပစ်လိုက်သည်။ သို့သော် တစ်နေရာတွင်မူ စုသွားသည်လည်းရှိသည်။ အက်ဒီဆင်တို့လို၊ တက်စလာကို ပံ့ပိုးပေးသည့်ဂျော့ဝက်စတင်ဟောက်စ်တို့လို လူများသည် ဆန်းသစ်တီထွင်သူများအဖြစ်သာမက ကော်ပိုရိတ်လုပ်ငန်းကြီးများကို တည်ထောင်နိုင်သူများဖြစ်လာသည်။ တစ်နည်းအားဖြင့် တစ်ချိန်က စက်မှုလုပ်ငန်းကြီးများထက် ပိုကြီးသော လုပ်ငန်းကြီးများ ပေါ်ထွက်လာသည်။

လျှပ်စစ်ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်းနှင့် လျှပ်စစ်ဆိုင်ရာ ဥပဒေထုတ်နိုင်စွမ်းတို့သည် ပါဝါကြီးကြီးမားမား ရရှိစေသော မဟာဗျူဟာမြောက် စွမ်းရည်များဖြစ်လာသည်။ လုပ်ငန်းများကြီးလာခြင်းသည် လက်ဝါးကြီးအုပ်ခြင်းဆီသို့ ဦးတည်လာစေသည်။ အစိုးရများကလည်း လျှပ်စစ်ကွန်ရက်များကို ထိန်းချုပ်နိုင်ခြင်းသည် စက်မှုလုပ်ငန်းကြီးထွားတိုးတက်မှုအပြင် မြို့ပြဖြစ်ထွန်းခြင်းအတွက်သာမက အမျိုးသားလုံခြုံရေးအထိအရေးပါကြောင်း နားလည်သဘောပေါက်လာသည်။ ထို့ကြောင့် အများနှင့်ဆိုင်သောလျှပ်စစ်ဥပဒေတို့ကို ကြီးကြီးမားမား ထုတ်ပြန်ပြီး ထိန်းချုပ်လာသည်။ လျှပ်စစ်ကြောင့် ကော်ပိုရေးရှင်းကြီးများကို ဗဟိုချက်ပြုပြီး စုလာတော့မည့် ပါဝါသည် အစိုးရ၏ ဥပဒေကြောင်းအရ ပါဝင်လာမှုကြောင့် အစိုးရကို ပါဝါခွဲပေးလိုက်ရသည်။ ဤနည်းဖြင့်လည်း လျှပ်စစ်သည် ပါဝါဗဟိုချက်ပြုမှုကို ရှောင်နိုင်ခဲ့သည်။

ပါဝါကို ပိုမိုကျယ်ပြန့်စွာပျံ့နှံ့စေပြီး စီးပွားရေးရည်မှန်းချက်လုံးဝမပါ နိုင်ငံရေး ရည်မှန်းချက်သက်သက်ဖြစ်သော လုပ်ဆောင်ချက်မှာ ကျေးလက်ဒေသမီးလင်းရေး စီမံကိန်းများဖြစ်သည်။ ကျေးလက်ဒေသသည် မြို့ပြလိုလူနေသိပ်သည်းမှုမရှိသောကြောင့် အစောပိုင်းကာလများအတွင်း ပုဂ္ဂလိကလုပ်ငန်းဆိုလျှင် လုပ်စရာအကြောင်းမရှိသည့် စီမံကိန်းမျိုး။ သို့သော် အစိုးရများကမူ နိုင်ငံရေးအရ မဖြစ်မနေ လုပ်ကြသည့် စီမံကိန်း။ စီးပွားရေးဦးတည်ချက်ဖြင့် လုပ်ခြင်းမဟုတ်သည့်တိုင် လျှပ်စစ်၏ ပါဝါဖြန့်ဝေနိုင်စွမ်းကြောင့် ကျေးလက်ဒေသ မီးလင်းရေးစီမံကိန်းများသည် တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းစေခဲ့သည်။ သီးနှံများကို အထွက်တိုးစေသည်။ လူနေမှုဘဝ မြင့်တက်စေသည်။ စိုက်ပျိုးရေးတွင် ခေတ်မီနည်းပညာများကို သုံး၍ရလာစေသည်။ ဤနည်းဖြင့် စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ပြန်လည်အထောက်အကူပြုသည်။

ကျေးလက်ဒေသ လျှပ်စစ်မီးရရှိခြင်းသည် တောင်သူလယ်သမားများကို စီးပွားရေးပုံစံအသစ်များ လုပ်ဆောင်လာစေနိုင်သည့်အပြင် အမျိုးသမီးများအတွက်လည်း အိမ်မှုကိစ္စ ဝန်ထုပ်ဝန်ပိုးများ သက်သာလာသည်။ ကလေးများလည်း လျှစ်စစ်မီးကြောင့် ပညာသင်ယူချိန်ပိုရပြီး မီဒီယာများနှင့် ထိတွေ့ခွင့်ရှိလာသည့် အကျိုးအမြတ်များလည်း ရလာသည်။ ထို့ကြောင့် ကျေးလက်အထိ လျှပ်စစ်မီးပေးနိုင်ပြီး ကျေးလက်နေပြည်သူများကလည်း လျှပ်စစ်မီးကို လူမှုရေး၊ စီးပွားရေးတို့အတွက် အကျိုးရှိရှိ အသုံးချနိုင်လာသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြည့်လျှင် ထိုသို့လုပ်နိုင်သော တိုင်းပြည်များသည် အခြားတိုင်းပြည်များထက် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့တွင် သိသိသာသာ တိုးတက်မြင့်မားသွားသည်ကို တွေ့လာရသည်။ ဤနည်းအားဖြင့် “ဖွံ့ဖြိုးပြီး” နှင့် “ဖွံ့ဖြိုးဆဲ” ဆိုသော အတိုင်းအတာမျဉ်းတစ်ကြောင်း ပေါ်ထွက်လာသည်။ စွမ်းအင်သုံးစွဲခွင့်ရရှိမှုအပေါ်မူတည်၍ မညီမျှသော မြေပုံတစ်ရပ် ပေါ်ထွက်လာခြင်းလည်းဖြစ်သည်။

အချုပ်ပြောရလျှင် လျှပ်စစ်သည် အခြေခံ အဆောက်အအုံကြီးများပေါ်၌ ဗဟိုချက်ပြုထားသော ကုန်ထုတ်လုပ်မှုပုံစံကိုဖြိုဖျက်ပြီး နယ်ပယ်အားဖြင့်ရော လုပ်ငန်းသဘောအားဖြင့်ပါ အလွန်ကျယ်ပြန့်သည့် ကုန်ထုတ်လုပ်မှုပုံစံအသစ်များ ဖြစ်လာစေသည်။ သန်းပေါင်းများစွာသောလူတို့ကို စွမ်းအင်တိုက်ရိုက်သုံးစွဲခွင့် ရစေပြီး အခွင့်အလမ်းများ ပိုမိုထွက်ပေါ်လာစေသည်။ ယင်းကို ဒုတိယမြောက် စက်မှုတော်လှန်ရေးဟုခေါ်ပြီး ထိုကာလအလွန်တွင် ကမ္ဘာပေါ်၌ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် စက်မှုဖွံ့ဖြိုးဆဲနိုင်ငံများဟူ၍ သိသာထင်ရှားသော ကွဲပြားမှုကြီး ပေါ်ထွက်လာခဲ့သည်။ ။




## အင်္ဂါဂြိုဟ်မျက်နှာပြင်အောက်တွင် ရေထုအလွှာရှိနိုင်

အင်္ဂါဂြိုဟ်ပေါ်တွင် ရေရှိလားဆိုသည့်မေးခွန်း၏အဖြေမှာ အာကာသသိပ္ပံပညာရှင်များ အသိချင်ဆုံးအဖြေများအနက်တစ်ခုဖြစ်သလို အဆက်မပြတ် လေ့လာစူးစမ်းနေသောကဏ္ဍလည်းဖြစ်သည်။ ယခုနောက်ဆုံး အင်္ဂါဂြိုဟ်မျက်နှာပြင်လျှော်လေ့လာမှုတစ်ခုအရ မျက်နှာပြင်ကျောက်လွှာအောက်တွင် ကြီးမားသောရေထုရှိနိုင်သည်ဆိုသည့်အချက်ကို တွေ့ရှိခဲ့သည်။

ထိုသုတေသနကို တရုတ် သိပ္ပံအကယ်ဒမီ ဘူမိနှင့် ဘူမိရူပ အင်စတီကျူမှ ဒေါက်တာဝေကျားစွန်းနှင့် ဒေါက်တာယုံစင်းပန်၊ ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ ဒေါက်တာဟိုဗိုယေ တီကာလ်စစ်၊ မီလာနို-ဘီကော့ကာတက္ကသိုလ်မှ ဒေါက်တာမာကို မာလူဆာတို့ ပါဝင်သော နိုင်ငံတကာ စူးစမ်းလေ့လာရေးအဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းတို့အဖွဲ့က အင်္ဂါဂြိုဟ်မျက်နှာပြင် ကျောက်သားအောက်တွင် ရေရှိမလားဆိုသည်ကို အင်္ဂါဂြိုဟ်ပေါ်သို့ ဥက္ကာခဲများဝင်တိုက်ချိန်တွင်ဖြစ်သည့် ငလျင်ငယ်လေးများကို တိုင်းတာပြီး လေ့လာရန်ဆုံးဖြတ်ခဲ့ကြသည်။ အင်္ဂါဂြိုဟ်သည် ကမ္ဘာမြေကဲ့သို့ တက်တိုးနစ် ကျောက်လွှာကြီးများမရှိဘဲ တစ်သားတည်းသော မျက်နှာပြင်ကျောက်လွှာကြီးဖြစ်ရာ ကျောက်လွှာကြီးများပွတ်တိုက်မှုကြောင့် ငလျင်လှုပ်ခြင်းမျိုးမရှိဘဲ ဥက္ကာခဲများကျရောက်ခြင်းမှ တုန်ခါမှုများသာရှိသည်။

ထိုအဖွဲ့သည် အင်္ဂါဂြိုဟ်ပေါ်သို့ ကြီးမားသောဥက္ကာခဲကြီးနှစ်ခု ကျရောက်စဉ်က ဖြစ်ခဲ့သည့် ငလျင်ငယ်များကိုတိုင်းတာထားသည့် အချက်အလက်များကို တွက်ချက်ခဲ့ကြသည်။ ထိုအချက်အလက်များအရ အင်္ဂါဂြိုဟ်မျက်နှာပြင်အောက် သုံးမိုင်ခွဲမှ ငါးမိုင်အတွင်း တုန်ခါမှုများသည် ချက်ချင်းဆိုသလို ပျောက်ကွယ်သွားခဲ့ကြောင်း တွေ့ရသည်။ ထိုသို့ တုန်ခါမှုသိသိသာသာနှေးသွားပြီး ပျောက်ကွယ်သွားရခြင်းမှာ ရေထုကြောင့်ဟု ကောက်ချက်ချခဲ့ကြသည်။ အချက်အလက်များကို တွက်ချက်မှုအရ အင်္ဂါဂြိုဟ်၏ ကျောက်သားမျက်နှာပြင်အောက်တစ်ပြင်လုံးတွင် ရေခဲပြင်တစ်ခုနှင့် ရေထုအလွှာတစ်ခုရှိနိုင်ကြောင်း ခန့်မှန်းခဲ့ကြသည်။

အင်္ဂါဂြိုဟ်ပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း သန်း ၃၀၀၀ ခန့်က ရေရှိခဲ့မည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားကြပြီး ထိုရေများ မည်သို့ပျောက်ကွယ်သွားသလဲဆိုသည်မှာ ပဟေဠိတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ အချို့သောသိပ္ပံပညာရှင်များက အင်္ဂါဂြိုဟ်ပေါ်မှ ရေများမှာ ပျောက်ကွယ်သွားခြင်းမဟုတ်ဘဲ မျက်နှာပြင်ကျောက်လွှာအောက်၌ တည်နေခြင်းဖြစ်မည်ဟု ယူဆခဲ့ကြသည်။ ယခုတွေ့ရှိချက်က ထိုအယူအဆကို ထောက်ခံပေးခဲ့သည်။

Ref: scitechdaily.com

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နွေအပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၂

၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

# ခရစ္စတယ်ပဲလေ့စ်အသင်း အက်ဖ်အေဖလား ပထမဆုံးအကြိမ် ဆွတ်ခူး

## မန်စီးတီးအသင်း အက်ဖ်အေဖလားဗိုလ်လုပွဲမှာ နှစ်ရာသီဆက်တိုက် ရှုံးပွဲကြုံခဲ့




ခရစ္စတယ်ပဲလေ့စ် အသင်းဟာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံး အကြိမ် အက်ဖ်အေဖလားကို ဆွတ်ခူး နိုင်ခဲ့ပြီဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ် အသင်းဟာ အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်အဖြစ် မေ ၁၇ ရက် ညပိုင်းက မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်း အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်း ပွဲကစားချိန် ၁၆ မိနစ်မှာ ဒန်နီယယ် မူနော့ဇ်ရဲ့ ဖန်တီးပေးမှုမှတစ်ဆင့် အက်ဇီ က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းကို ၁၉၀၅ ခုနှစ်မှာ တည်ထောင်ခဲ့တာဖြစ်လို့ မန်စီးတီးအသင်းကို အနိုင်ရပြီး အက်ဖ်အေ ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ အသင်း အတွက် ပထမဆုံး အက်ဖ်အေဖလား ရယူနိုင်ခဲ့တာဖြစ်သလို အသင်းသမိုင်း တစ်လျှောက် ပထမဆုံးအကြိမ် အဓိက ဆုဖလားကိုလည်း ရယူနိုင်ခဲ့တာဖြစ်ပါ တယ်။

မန်စီးတီးအသင်းကတော့ ခရစ္စတယ် ပဲလေ့စ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြဂွါဒီယိုလာ စတင်တာဝန်ယူ ကိုင်တွယ်ခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘောလုံး ရာသီနောက်ပိုင်း ပထမဆုံးအကြိမ်ဖလား လက်မဲ့ရာသီနဲ့ ကြုံတွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မန်စီးတီးကွင်းလယ် ကစားသမား ဒီဘရိုင်းဟာလည်း မန်စီးတီး အသင်းကစားသမားဘဝ နောက်ဆုံးရာသီ မှာ ဖလားလက်မဲ့နဲ့ နှုတ်ဆက်ခဲ့ရတာ ဖြစ်ပါတယ်။

**❛ခရစ္စတယ်ပဲလေ့စ်အသင်းကို ၁၉၀၅ ခုနှစ်မှာ တည်ထောင်ခဲ့တာဖြစ်လို့ မန်စီးတီးအသင်းကို အနိုင် ရပြီး အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ အသင်းအတွက် ပထမဆုံး အက်ဖ်အေဖလား ဖြစ်သလို အသင်းသမိုင်းတစ်လျှောက် ပထမဆုံး အကြိမ် အဓိကဆုဖလားကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့ တာဖြစ်❜**

မန်စီးတီးအသင်းအနေနဲ့ အခုလို ရှုံးနိမ့်ခဲ့ခြင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်း ဂိုးသမားရဲ့ ပါဝင်ပတ်သက်မှုက အဓိက ကျနေတာဖြစ်ပါတယ်။

ပထမပိုင်း ပွဲကစားချိန်အတွင်း တိုက်စစ်မှူးဟာလန်းရဲ့ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ခရစ္စတယ်ပဲလေ့စ်အသင်း ဂိုးသမား ဒိန်းဟန်ဒါဆန်က ဂိုးဧရိယာ အပြင်ဘက်အထိ လက်နဲ့ပုတ်ထုတ်ခဲ့လို့ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်မှု မပြုခဲ့ တာဟာ မန်စီးတီးအသင်းအတွက် နစ်နာ ခဲ့ရသလို ပထမပိုင်းပွဲကစားချိန် ၃၆ မိနစ် မှာ ရရှိခဲ့တဲ့ ပင်နယ်တီကို အိုမာမာမောက် သွင်းယူချိန်မှာလည်း ဒိန်းဟန်ဒါဆန် အကောင်းဆုံးကာကွယ်ခဲ့လို့ ထပ်မံနစ်နာ ခဲ့ရပြန်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းဂိုးသမား ဒိန်းဟန်ဒါဆန်ဟာ ၂၀၁၀ ပြည့်နှစ်က ချယ်လ်ဆီးအသင်းက ပို့စ်မောက်အသင်း ကို အနိုင်ရတဲ့ အက်ဖ်အေဖလား ဗိုလ်လု ပွဲစဉ်မှာ ချယ်လ်ဆီးဂိုးသမား ပီတာချက် ပင်နယ်တီကာကွယ်နိုင်ခဲ့ပြီးနောက်ပိုင်း အက်ဖ်အေဖလားဗိုလ်လုပွဲမှာ ပင်နယ်တီ ကာကွယ်နိုင်ခဲ့တဲ့ ပထမဆုံး ဂိုးသမားအဖြစ် လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်း က ဘောလုံးပိုင်ဆိုင်မှုကို အများဆုံးရရှိခဲ့ ပေမယ့် နည်းပြ အိုလီဗာဂလက်စ်နာရဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းက အကောင်းဆုံး ဟန့်တားနိုင်ခဲ့တဲ့အပြင် ဂိုးသမား ဒိန်းဟန်ဒါဆန်ကလည်း ပထမပိုင်းပွဲကစား ချိန်အတွင်းမှာ ဟာလန်း၊ ဂျီဗာဒီယိုးလ်၊ ဒိုကူ စတဲ့ ကစားသမားတွေရဲ့ ဂိုးပေါက် ခြိမ်းခြောက်မှုတွေကိုလည်း အကောင်း ဆုံး ကာကွယ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းဟာ ၁၉၉၀ ပြည့်နှစ်နဲ့ ၂၀၁၆ ခုနှစ်တို့မှာ အက်ဖ်အေ ဖလား နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ခဲ့ပေမယ့် ဆုဖလားရရှိမှုနဲ့ ဝေးကွာခဲ့ရတာဖြစ်ပြီး ယခုတတိယ အကြိမ်မြောက် ဗိုလ်လုပွဲတက်လှမ်းခွင့် ရရှိမှသာ အက်ဖ်အေဖလားကို ရယူ ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ် အသင်းဟာ မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ပြီး အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့တာ ကြောင့် လာမယ့်ဘောလုံးရာသီမှာ ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ခရစ္စတယ် ပဲလေ့စ်အသင်းကို အခုလိုရှုံးနိမ့်ခဲ့တာ ကြောင့် အက်ဖ်အေဖလား နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ နှစ်ရာသီဆက်တိုက် ရှုံးပွဲ ကြုံခဲ့ရတာဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီ ကလည်း မြို့ခံပြိုင်ဘက် မန်ယူအသင်းဆီ အက်ဖ်အေဖလား အပ်နှင်းပေးခဲ့ရတာ ဖြစ်ပါတယ်။

## လီဗာပူးအသင်း နောက်ခံကစားသမား ဘရက်ဒလေ လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆို



နောက်တန်းကစားသမား ဘရက်ဒလေဟာ လက်ရှိကလပ်လီဗာပူး အသင်းနဲ့ လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ မြောက်အိုင်ယာလန်ကြယ်ပွင့် ဘရက်ဒလေ ဟာ ညာနောက်ခံကစားသမား အာနိုး အသင်းကနေ ထွက်ခွာဖို့ အတည်ပြု ပြောကြားခဲ့ပြီးနောက် လီဗာပူးအသင်းရဲ့ ညာနောက်ခံကစားသမားနေရာမှာ ပါဝင်ကစားရဖို့ရှိနေတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဘရက်ဒလေဟာ ၂၀၁၉ ခုနှစ်အတွင်းက လီဗာပူးအသင်းဆီ ရောက်ရှိလာခဲ့တာဖြစ်ပြီး ယခုဘောလုံးရာသီမှာ လီဗာပူးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၇ ပွဲ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ တာဖြစ်ပါတယ်။ ဘရက်ဒလေဟာ နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၄ ပွဲ ပါဝင် ကစားပေးခဲ့ရာမှာ သွင်းဂိုး လေးဂိုး သွင်းယူပေးထားတာဖြစ်ပါတယ်။



## ကွင်းလယ်လူ သောမက်မူလာ ဘိုင်ယန်မြူးနစ်အသင်းကို နောက်ဆုံးနှုတ်ဆက်

ဂျာမနီကွင်းလယ်ကစားသမား သောမက် မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းက ဟော့ဖန်ဟိမ်းအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်အပြီးမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ နောက်ဆုံးနှုတ်ဆက် ခဲ့တာဖြစ်ပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ သောမက် မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်နဲ့ ဘွန်ဒက်လီဂါ ဖလား ၁၃ ကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့သူ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား သောမက်မူလာ ဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါပွဲစဉ် စုစုပေါင်း ၅၀၃ ပွဲအထိ ပါဝင်ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပြီး သောမက် မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ တတိယ မြောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

### ဘောလုံး လောက သတင်း တိုများ

- **မန်စီးတီးအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီတောင်ပံကစားသမား ဖလော်ရီရန်ဝ့်ဇ်နဲ့ အေစီမီလန်အသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ရီဂျန်ဒါတို့အား ပြောင်းရွှေ့ကြေး ပေါင် သန်း ၁၈၀ နဲ့ ခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။**
- ဂျာမနီတောင်ပံကစားသမား လီရွိုင်းဆားနေဟာ ပရီမီယာလိဂ်နဲ့ လာလီဂါကလပ်အသင်းများက ခေါ်ယူရန် ပြင်ဆင်လျက်ရှိတာကြောင့် ဘိုင်ယန်မြူးနစ်အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုရေးကို ငြင်းဆို ထားတယ်လို့ သိရပါတယ်။
- **နယူးကာဆယ်အသင်းဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမားခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေးပေါင် သန်း ၁၅၀ သုံးစွဲသွားဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။**
- ဘာစီလိုနာအသင်းဟာ မန်ယူအသင်းတိုက်စစ်မှူး ရက်ရ်ှဖို့အား ခေါ်ယူရန်စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

❂ MFF မှ

Pacific Sun Far အသင်းက မလိခအသင်းကို ငါးဂိုး-တစ်ဂိုး၊ Avengers Junior အသင်းက Victoria အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုတစ်ပတ်တွင် ဒုတိယနေရာမှ SGF အသင်း ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် ထိပ်ဆုံးမှ Kyaung Sayar Tharhtwe အသင်းသည် ငါးမှတ်ဖြတ် ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် Kyaung Sayar Tharhtwe အသင်းက ၂၇ မှတ်ဖြင့် ဦးဆောင်နေပြီး SGF အသင်းက ၂၂ မှတ်၊ Pacific Sun Far အသင်းက ရမှတ် ၂၀၊ Avengers Junior အသင်းက ၁၉ မှတ်၊ King Cobra အသင်း၊ Victoria အသင်းနှင့် Golden Boys အသင်းတို့က ၁၅ မှတ်စီ၊ Jullniss အသင်းက ၁၃ မှတ်၊ မလိခအသင်းက ကိုးမှတ်၊ TKA Star အသင်းက လေးမှတ် ရထားပြီးဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘုရားကြီးကွင်း၊ ကွင်းအမှတ်(၅၈၀-A)၊ ဦးပိုင်အမှတ်(R-၆)၊ မြို့မ(၂)တိုးချဲ့ရပ်ကွက်၊ အနော်ရထာလမ်းသွယ်(၃)လမ်း၊ မြေကွက်အမှတ်(၃၆၅)၊ အကျယ်အဝန်း (၈၀ပေ x ၆၀ပေ)၊ ဧရိယာ(၀.၁၁)ဧက ဦးထွန်းထွန်းလင်း[၁၂/မဘန(နိုင်)၀၂၄၈၅၄] တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသော ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်နေဦး[၁၂/ကခက(နိုင်)၀၆၂၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ကုမုဒြာ LL.B,D.B.L,D.I.L,I.D.C.S,EDFM** **ဒေါ်ချိုချိုဇင် LL.B,DHR,DBMA,EDAP**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)** **အထက်တန်းရှေ့နေ(စဉ်-၅၆၈၈၀)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆** **ဖုန်း-၀၉ ၇၆၇၅၁၈၂၁၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ အဝေရာလမ်း၊ မြေကွက်အမှတ်**(၂၄၁)**၊ အကျယ်အဝန်း**(၄၀ပေx၆၀ပေ)**ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဒေါ်ဌေးမွှာခင် [၁၂/ဗဟန(နိုင်)၀၆၀၄၉၂]** အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး အမည်ပေါက်သူထံမှ အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း **ဒေါ်လေးလေးနွယ် [၇/ရကန(နိုင်)၀၀၀၄၅၄]**က ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ဗဟိုလမ်း၊ မြေကွက်အမှတ်**(၄၆၁/က)**၊ အကျယ်အဝန်း**(၂၀ပေx၆၀ပေ)**ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဦးစိုးမိုးဝင်း [၁၂/ရကန(နိုင်)၀၀၀၃၆၈]** နှင့် **ဒေါ်မြတ်သီတာ [၇/ပခန(နိုင်)၁၈၂၇၇၈]** အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်သူများ ကိုယ်တိုင်က လက်ဝယ်ရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

★ ကျောဖုံးမှ

ရာဇာထွန်း၏ လက်သီးထိုးချက်ကြောင့် သီဟ ဒုတိယအချီတွင် အနားတောင်းခဲ့ရပြီး ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ တတိယအချီ၌ ရာဇာထွန်း၏ ခြေကန်ချက်ကြောင့် သီဟ အရှုံးပေးခဲ့ရသည်။

ထို့ပြင် မင်းထက်မိုက်(MK 1)ကရန်နိုင်ထွန်း (ရိုးရာသွေး)ကို ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့ပြီး နိဗ္ဗန်ဖော့(Dojo 9)နှင့် ကျုံးဝါး (ကျားမနိုင်)တို့ ပွဲစဉ်တွင်ကျုံးဝါး၏လက်သီးကြောင့် နိဗ္ဗန်ဖော့ဒုတိယအချီ၌ အနားတောင်းခဲ့ရသော်လည်း တတိယအချီ ပြည့်သည်အထိ အနိုင်အရှုံးမပေါ်သဖြင့် ပူးတွဲသရေကျခဲ့သည်။

ပြည့်ဖြိုးမောင်(ကျားဘုရင်)ခြေကန်ချက်၊ လက်သီးထိုးချက်ကြောင့် အောင်ကိုဦး (M.F.C) တတိယအချီတွင် အမှတ်စဉ်သုံးကြိမ် ရေတွက်ခံရကာအရှုံးပေးလိုက်ရပြီး ဝေယံမင်းသူ(ပဲခူးကလပ်)က ပထမအချီတွင် ပိုင်ကြီး(ရိုးရာသွေး)ကို လက်သီးချက်များဖြင့် အလဲထိုးအနိုင်ယူခဲ့သည်။

ယင်းအပြင် အောင်ကောင်းခန့် (STL)က ဖိုးခွား(ရိုးရာသွေး)ကို ပထမအချီတွင် အလဲထိုးနိုင်ခဲ့ပြီး ရှိန်းထက်အောင်(ရန်ကြီးအောင်)နှင့် သန့်သူရစိုး(YMA)ပြိုင်ပွဲမှာ အလူးအလဲဖြင့် သရေဖြစ်ခဲ့ကာ ဓနု(PLP)နှင့် ညီဝဏ္ဏ (ကျားဘုရင်)ပြိုင်ပွဲမှာလည်း သရေရလဒ်ဖြင့်သာပြီးဆုံးခဲ့သည်။

ထို့နောက် လှျမ်းထက်အောင်(9-ကလပ်)က သူရအောင်(Holy Power)ကို တတိယအချီတွင် အနိုင်ယူခဲ့ပြီး ကောင်းထက်(ကျားဘုရင်)နှင့် လင်းဘုန်းဦး(Dojo 9) တို့ပွဲမှာ သရေကျခဲ့သည်။

ဆက်လက်၍ မင်းခန့်(ရိုးရာသွေး)၏ လက်သီးကြောင့် ကောင်းထက်ဇော်(STL) ပထမအချီတွင် အနားတောင်းခဲ့ရသော်လည်း ကောင်းထက်ဇော် သက်လုံကောင်းသဖြင့် ဒုတိယအချီတွင် ဒူးတိုက်ချက်ဖြင့် မင်းခန့်ကို အလဲထိုးအနိုင်ရရှိခဲ့သည်။

အဆိုပါမျိုးဆက်သစ်ပြိုင်ပွဲများကို ယခုနှစ်အတွင်း သုံးကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင် ကလပ်ပေါင်း ၁၄ ခုမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲများကို လစဉ်ကျင်းပလျက်ရှိပြီး မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပေးထားကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးပေးထားကြောင်း သိရသည်။ **လင်းရာမ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁-၅-၂၀၂၅)ရက်နေ့ ကြေးမုံ သတင်းစာ၊ စာမျက်နှာ-၁၉ ပါ **"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"** "တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သန္တာလွင်" ၏ ကြော်ငြာတွင် **"မြေတိုင်းရပ်ကွက် အမှတ်(၆)၊ ဗိုလ်ဗစိုးလမ်း"** အစား **"မြေတိုင်းရပ်ကွက် အမှတ်(၂)၊ ဗိုလ်ဗစိုး(၆)လမ်း"**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

❍ FIFA-MFFမှ

ခုနစ်ပွဲစလုံးအနိုင်ရကာ ရမှတ် ၂၁ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး Mar Rein အသင်းက ၁၈ မှတ်၊ အာသာဝတီအသင်းက ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Yangon Focus အသင်းက ၁၂ မှတ်စီ၊ မင်္ဂလာဒုံ စီးတီးအသင်းက ၁၀ မှတ်၊ Southern Yangon Star အသင်းက ကိုးမှတ်၊ Burmese Youth အသင်းက ရှစ်မှတ်၊ Golden Light United အသင်းနှင့် ရန်ကုန်တောင်ဇလပ်အသင်းက ငါးမှတ်စီ၊ The Honour အသင်းက လေးမှတ်၊ မြသီတာအသင်းက သုံးမှတ်ရရှိထားသည်။

မန္တလေးဇုန် ပွဲစဉ် (၄) ဒုတိယနေ့တွင် ရွှေပေလိပ်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တောင်ကြီးဇုန် ပွဲစဉ် (၄) ဒုတိယနေ့တွင် ရှမ်းတောင်အသင်းက Paw Muu Region အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ တောင်ကြီးဇုန် ပွဲစဉ် (၄) အပြီးတွင် ရှမ်းအရှေ့ (TCL အကယ်ဒမီ) အသင်းက ၁၂ မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းတောင်အသင်းနှင့် Paoh New Generations အသင်းတို့က ခုနစ်မှတ်စီ၊ အင်းလေးလူငယ်အသင်းက ခြောက်မှတ်၊ Middle Shan State အသင်းက အမှတ်မရသေးပေ။ မန္တလေးဇုန် ပွဲစဉ်(၄)အပြီးတွင် STNM အသင်းက ၁၂ မှတ်ဖြင့် ဦးဆောင်နေပြီး ရွှေပေလိပ်အသင်းက ရှစ်မှတ်၊ အနီးစခန်းအသင်းက ခြောက်မှတ်၊ Youth Soccer Future အသင်းနှင့် Sparrow အသင်းတို့က လေးမှတ်စီရရှိထားကာ စစ်ကိုင်းယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် နှစ်ပွဲဆက်သရေကျပြီး ဟံသာဝတီယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် မေ ၁၈**

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၄) ပထမနေ့ကို မေ ၁၈ ရက်က ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နှစ်ပွဲဆက်သရေကျပြီး ဟံသာဝတီ ယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

ဗဟန်း မြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းနှင့် ရာမညယူနိုက်တက် အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်သရေကျခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်နှင့် ဒဂုံစတားအသင်းကို ဖိအားပေးရန် ကြိုးစားရင်းမှ အမှတ်ဆုံးရှုံးခဲ့ရသည်။ ၂၅ မိနစ်တွင် စောထူးဝေယံအောင်က ရာမညယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၆၁ မိနစ်တွင် ခွန်မြင့်ဆွေက သွင်းယူခဲ့သည်။

**တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့**

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက Falcon အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သုံးပွဲဆက်တိုက် အရေးနိမ့်ထားသည့် ဟံသာဝတီအသင်းသည် ၄၇ မိနစ်တွင် ကောင်းမြတ်အောင် သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၄) ဒုတိယနေ့ကို မေ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ Junior Lions အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ဗဟန်း မြက်ခင်းတုကွင်း၌ Dagon Port အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ တောင်ဒဂုံကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး ဓာတ်ပုံ-MNL**




ရှမ်းယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



# ခရမ်းမြို့နယ်၌ အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**ခရမ်း မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ပူးပေါင်း၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထို့နောက် ပထမဆုရ (၁) ရပ်ကွက်အသင်းအား ဆုဖလားနှင့် ငွေသားဆု ငါးသိန်း၊ ဒုတိယဆုရ (၇) ရပ်ကွက်အသင်းအား ဆုဖလားနှင့် ငွေသားဆု သုံးသိန်း၊ တတိယဆုရ (၃)ရပ်ကွက်အသင်းအား ဆုဖလားနှင့် ငွေသားဆု နှစ်သိန်းတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲနှင့်အဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ရပ်ကွက် (၁၃) ရပ်ကွက်မှ အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ခရမ်း(ပြန်/ဆက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဆရာများသည် တပည့်များအား ပညာကို တတ်မြောက်အောင် သင်ကြားပေးကာ အသိအမြင်၊ ဗဟုသုတများရှိအောင် လမ်းညွှန်ပြသရန် လိုအပ်သကဲ့သို့ စည်းကမ်းလိုက်နာတတ်သော နိုင်ငံသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပါသည်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)



Yangon Focus အသင်းနှင့် မြသီတာအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၁၈**

FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ရန်ကုန်ဇုန်၊ တောင်ကြီးဇုန်နှင့် မန္တလေးဇုန်ပွဲစဉ်တို့ကို မေ ၁၈ ရက် ညနေပိုင်းက သက်ဆိုင်ရာမြို့များတွင် ဆက်လက်ကျင်းပသည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် ရန်ကုန်ဇုန် ပွဲစဉ် (၇) ဒုတိယနေ့တွင် ရန်ကုန်တောင်ဇလပ်အသင်းက Southern Yangon Star အသင်းကို သုံးဂိုး-တစ်ဂိုး၊ Yangon Focus အသင်းက မြသီတာအသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရရှိသည်။ ရန်ကုန်ဇုန် ပွဲစဉ် (၇) အပြီးတွင် ရှိုင်ရယ်ရန်ကုန်အသင်းက **စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ❍**

## (၃)ကြိမ်မြောက် Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၈**

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group (MMAG)တို့ ပူးပေါင်းစီစဉ်သည့် Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ သုံးချီပြိုင်ပွဲကို တွဲဆိုင်း ၁၂ ဆိုင်းဖြင့် ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများအနက် မြင့်မြတ်မောင်(ပဲခူးကလပ်)နှင့် ရှိုင်းထက်အောင် (ကျားဘုရင်)တို့ ပွဲစဉ်တွင် နှစ်ဦးစလုံးလက်ရည်တူကြသဖြင့် သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

သီဟ(တော်ဝင်ဇေယျာ) နှင့် ရာဇာထွန်း(RAY)တို့ ပြိုင်ပွဲတွင် **စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ★**



ဝေယံမင်းသူနှင့် ပိုင်ကြီးတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## MFF ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) ကျင်းပ



Kyaung Sayar Tharhtwe အသင်းနှင့် FFU မင်းမဟော်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် မေ ၁၈**

FIFA-MFF ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ကို မေ ၁၈ ရက်ကတောင်ဒဂုံအားကစားရုံ၌ကျင်းပရာ Kyaung Sayar Thar-htweအသင်းဆက်လက်ဦးဆောင်လျက်ရှိသည်။

ပွဲစဉ်(၉)တွင် King Cobra အသင်းက TKA Stars အသင်းကို ခုနစ်ဂိုးပြတ်၊ Jullniss အသင်းက ရွှေပြည်သာ ယူနိုက်တက်အသင်းကို ၁၂ ဂိုး-ဂိုးမရှိ၊ Golden Boys အသင်းက SGF အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Kyaung Sayar Tharhtwe အသင်းက FFU မင်းမဟော်အသင်းကို ကိုးဂိုး -နှစ်ဂိုး၊ **စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ✪**

**ယနေ့ ဖတ်စရာ**

**တရားမဝင်သစ်မျိုးစုံ၊ Moissanite စိန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ** စာမျက်နှာ » ၁၄

**ခရစ္စတယ်ပဲလေ့စ်အသင်း အက်ဖ်အေဖလား ပထမဆုံးအကြိမ် ဆွတ်ခူး** စာမျက်နှာ » ၂၅

**MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် နှစ်ပွဲဆက်သရေကျပြီး ဟံသာဝတီယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိ** စာမျက်နှာ » ၂၆